# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၁၀)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (1-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။


၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အငှမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပ

စာမျက်နှာ - ၂၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်တော်ကြီးနှင့် ရေရကန်များကို ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ မြို့ရေပေးဝေရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြို့ရေပေးဝေရေးကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့နေရာသို့ ရောက်ရှိကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးနှင့် တာဝန်ရှိသူများက စစ်တွေမြို့အတွင်းရှိ ပြည်သူများ၏ နေ့စဉ်နှင့် နှစ်စဉ်ပျမ်းမျှ သုံးရေလိုအပ်ချက်ပမာဏ၊ သုံးရေလိုအပ်ချက်အတွက် ကန်တော်ကြီးနှင့် ရေစုကန်အစုအဖွဲ့၊ ဆက်ရိုးကျ ရေစုကန်အစုအဖွဲ့တို့ဖြင့် မိုးရေကိုသိုလှောင်၍ ရေပေးဝေရေးဆောင်ရွက်လျက်ရှိမှု၊ နှစ်စဉ်မိုးရွာသွန်းမှုအခြေအနေများနှင့် ရေသိုလှောင်နိုင်မှု၊ ၂၀၁၇ ခုနှစ်မှစ၍

စာမျက်နှာ ၁၆ ကော်လံ ၁ ➮




ရတနာပုံ
၂၀၁၂ ခုနှစ် မတ် ၁ ရက်
အယ်ဒီတာ့အာဘော်

# လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး

စက်မှုလုပ်ငန်းများတိုးတက်လာခြင်းနှင့်အတူ လူနေမှုအဆင့်အတန်းများ မြင့်မားလာသော်လည်း စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များမှ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများ များပြားခြင်း၊ လေထုကိုသန့်စင်ပေးသော သစ်တောသစ်ပင်များ နည်းပါးလာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

လေထုညစ်ညမ်းမှုကို မြင့်တက်စေသော အရာများမှာ မြေမျက်နှာပြင်ရှိ အိုဇုန်းဓာတ်ငွေ့မှုန်များ၊ ကာဗွန်မိုနောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်တို့ဖြစ်သည်။ လေထုအတွင်းရှိ ထိုအရာများကို လူတို့အနေဖြင့် ကာလတို၊ ကာလရှည် ထိတွေ့ရှူရှိုက်ရသောကြောင့် ခန္ဓာကိုယ်အတွင်းတွင် အဆိပ်သင့်မှုများကို ဖြစ်ပေါ်စေသည်။

ထိုအဆိပ်သင့်မှုများကြောင့် လူတို့၏ခန္ဓာကိုယ်တွင် ကျန်းမာရေးနှင့်ပတ်သက်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ၊ နှလုံးနှင့်သွေးကြောဆိုင်ရာရောဂါများ၊ ဦးနှောက်၊ အာရုံကြောနှင့်စိတ်ပိုင်းဆိုင်ရာရောဂါများ၊ မျက်လုံးနှင့်အရေပြားဆိုင်ရာရောဂါများ ဖြစ်ပွားစေနိုင်ပြီး ပန်းနာရင်ကျပ်ရောဂါနှင့် အဆုတ်ကင်ဆာရောဂါတို့ကိုလည်း ဖြစ်ပွားစေနိုင်သည်။

လေထုညစ်ညမ်းမှုသည် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ဆိုးကျိုးသက်ရောက်မှုရှိစေပြီး မြေအောက်ရေနှင့်မြေဆီမြေသြဇာတို့အပေါ်တွင်လည်း ဆိုးကျိုးများဖြစ်စေသည်။ အပင်များ၏ ရှင်သန်ကြီးထွားမှုနှုန်းကို လျော့ကျစေပြီး ဇီဝမျိုးကွဲများ၏ ရှင်သန်ပေါက်ဖွားမှုနှုန်းကိုလည်း လျော့ကျစေသည်။ ထို့ပြင် လေထုညစ်ညမ်းမှုကြောင့် အပူချိန်ပြောင်းလဲခြင်း၊ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေခြင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကိုလည်း ဖြစ်ပေါ်စေသည်။

အခြားလေထုညစ်ညမ်းမှုတစ်မျိုးမှာ အိမ်တွင်းလေထုညစ်ညမ်းမှုဖြစ်သည်။ အိမ်တွင်း၌ချက်ပြုတ်ရန်အတွက် ထင်းကဲ့သို့သော လောင်စာများကို မီးရှို့ခြင်း၊ ခြင်ဆေး၊ အမွှေးတိုင် စသောအရာများကို ထွန်းညှိခြင်း၊ ဖျန်းခြင်း၊ ဆေးလိပ်သောက်သုံးခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အိမ်တွင်းနှင့်အိမ်ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များကို ကျန်းမာရေးဆိုင်ရာ ရောဂါများဖြစ်စေသည်။

မြန်မာနိုင်ငံတွင် စက်ရုံ၊ အလုပ်ရုံ၊ စက်တပ်ယာဉ် များပြားသော မြို့ကြီးများ၌ လေထုညစ်ညမ်းမှု အများဆုံးဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် ကျေးလက်ဒေသများ၌ ချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးတို့ကိုအသုံးပြုနေရသဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို အများဆုံးဖြစ်ပေါ်စေသည့်အပြင် သစ်တော၊ သစ်ပင် ပြုန်းတီးမှုကိုလည်း ဖြစ်ပေါ်စေသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားသည့် စက်တပ်ယာဉ်သုံးစွဲမှုလျှော့ချကြရမည်ဖြစ်ပြီး ထင်း၊ မီးသွေးအသုံးပြုမှုကိုလည်း လျှော့ချကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် လူတို့အနေဖြင့် စက်ရုံ၊ အလုပ်ရုံများနှင့် စက်တပ်ယာဉ်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချကြရမည်ဖြစ်သကဲ့သို့ လေထုကိုသန့်စင်ပေးသော သစ်တော၊ သစ်ပင်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ အရောင်းအဝယ်ကောင်းနေ



**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေး ဈေးချိုတော်တွင် ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်နှင့် တိုင်းရင်းဆေးဝါးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ ဈေးကြီးများထဲတွင် ဈေးချိုတော်မှာ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်၊ ရွှေထည်ပစ္စည်းများအပါအဝင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် ဈေးကြီးတစ်ခုဖြစ်ကြောင်း၊ အဆိုပါဈေးချိုတော်အတွင်း ဖေဖော်ဝါရီလ တတိယပတ်ထိ ကုန်စည်အမျိုးမျိုးမှာ အရောင်းအဝယ် အေးနေခဲ့သော်လည်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"အခုလတ်တလော ဈေးချိုတော်မှာ စားသောက်ကုန်ပစ္စည်းတွေနဲ့ လူသုံးကုန်ပစ္စည်းတွေ၊ တိုင်းရင်းဆေးဝါးတွေ ပြန်ပြီးတော့ အရောင်းအဝယ် ဖြစ်လာတယ်။ အခုက နွေပေါက်လာပြီဆိုတော့ နွေရာသီအတွက်ချုပ်မဲ့ အထည်အလိပ်တွေကို အထည်ချုပ်လုပ်ငန်းလုပ်ကိုင်တဲ့လုပ်ငန်းရှင်တွေ ဝယ်ယူမှုတော်တော်လေး အားကောင်းလာတယ်။ အထည်အလိပ်နဲ့ အဝတ်အထည်ဈေးကွက်ကတော့ ဈေးချိုတော်ထဲမှာ ရောင်းအားအကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်" ဟု ဦးအောင်မြင့်သိန်းက ပြောပြသည်။

မန္တလေး ဈေးချိုတော်တွင် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်၊ အထည်အလိပ်နှင့် တိုင်းရင်းဆေးဝါး၊ ရွှေထည်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းပေါင်း ၃၀၀၀ ကျော်ထိရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံလျှပ်စစ်သံဂဟေဆက် နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးသွားမည်

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံ လျှပ်စစ်သံဂဟေဆက် နည်းပညာသင်တန်းကို မတ်လအတွင်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ အခြေခံလျှပ်စစ်သံဂဟေဆက်နည်းပညာသင်တန်းကို မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သေနပ်ပင်ကျေးရွာတွင် မတ်လအတွင်း အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသားဦးရေ ၂၀ လက်ခံ၍ ဌာနမှကျွမ်းကျင်ပညာရှင်များက စာတွေ့၊ လက်တွေ့နည်းများဖြင့် တတ်မြောက်သည်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်များရရှိကာ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

"ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ အခြေခံကျတဲ့ သံဂဟေဆက်သင်တန်း ဖွင့်လှစ်သင်ကြားပေးရတာဟာ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေဖို့ပါ။ သင်ပေးလိုက်တဲ့နည်းပညာတွေနဲ့ မိမိတို့ တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းတွေ ထူထောင်လာနိုင်စေဖို့ပါ။ ပြင်ပကအလုပ်ရုံတွေမှာ ဝင်ရောက်ပြီး အလုပ်လုပ်ကိုင်နိုင်စေဖို့လဲဖြစ်ပါတယ်။ ကျေးလက်နေပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေဖို့အတွက် နယ်တွေထိ ကွင်းဆင်းပြီး အခမဲ့သင်ကြားပေးနေတာပါ။ အခုလို သင်ကြားပေးတာကလဲ အခုအချိန် အိမ်တွေ၊ တိုက်တွေ ဆောက်လုပ်နေတာကအစ သံကိုယ်ထည်တွေနဲ့ ဆောက်လုပ်နေကြတာပါ။ အဲဒါကြောင့် လူငယ်တွေဟာ လျှပ်စစ်သံဂဟေဆက်ပညာတွေကို တတ်ထားဖို့လိုအပ်တဲ့အတွက် သင်ကြားပေးတာပါ"ဟု မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။ (၁၈၅)

# အမရပူရမြို့နယ်ရှိ တောင်သမန်အင်းအတွင်း ငှက်လှေစီးနင်းသည့် ပြည်ပခရီးသွား များပြားလာ

**မန္တလေး ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိပြီး ယခုအခါ တောင်သမန်အင်းအတွင်း ငှက်လှေစီးနင်းသည့် ပြည်ပခရီးသွားများပြားလာကြောင်း တောင်သမန်တံတား ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တောင်သမန်တံတားနှင့် တောင်သမန်အင်းမှာ တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ တောင်သမန်တံတားနှင့် တောင်သမန်အင်းသို့ ယခုလက်ရှိ ခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလာသဖြင့် တောင်သမန်အင်းအတွင်း ဆည်းဆာအလှကို ငှက်လှေများဖြင့်ကြည့်ရှုသည့် ပြည်ပခရီးသွား များပြားလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိ တောင်သမန်အင်းအတွင်း အင်းရေကတော့ အနည်းငယ်ပြန်ကျနေပေမဲ့ အင်းအတွင်း ရေလုံးဝခန်းခြောက်တာမျိုးတော့မရှိပါဘူး။ အင်းအတွင်းမှာ ငှက်လှေစီးနင်းတဲ့ ပြည်ပခရီးသွားတွေလဲ ပြန်ပြီးများပြားလာတယ်။ ရုံးပိတ်ရက်တွေနဲ့ နေ့ထူးနေ့မြတ်ရက်တွေမှာတော့ ခရီးသွားတွေ တော်တော်လေးများပြားလာတယ်" ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်အင်းအတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတွင် ငှက်လှေစီး၍ ဆည်းဆာအလှကြည့်ရှုခံစားသည့် ပြည်ပခရီးသွားဦးရေမှာ ဖေဖော်ဝါရီလ ဒုတိယပတ်က တစ်ရက်လျှင် ဦးရေ ၁၀၀ ကျော်သာ ရှိသော်လည်း ဖေဖော်ဝါရီလ တတိယပတ်မှစ၍ ငှက်လှေစီးနင်းသည့် ပြည်ပခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်ထိရှိကြောင်း၊ ငှက်လှေငှားရမ်းစီးနင်းရာတွင် တစ်စီးလျှင် လူလေးဦး လိုက်ပါစီးနင်းနိုင်ပြီး ငွေကျပ် ၂၀၀၀၀ ဖြင့် ငှားရမ်းပေးလျက်ရှိ ကြောင်း၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၂၁၅၀၁ ဧက စိုက်ပျိုးပြီးစီး

**ကသာ ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၂၁၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးလျာထား ၂၃၂၉၄ ဧကကို ယခုနှစ် ဇန်နဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါး ၂၁၅၀၁ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင်မှာ နွေစပါးကို ချောင်းပိတ်၊ မြောင်းပိတ်စနစ်တွေနဲ့ စိုက်ပျိုးကြတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးမှုကတော့ စောတယ်ဗျ။ ဒီနှစ် ကသာခရိုင်မှာ နွေစပါး ၂၃၂၉၄ ဧက စိုက်ပျိုးဖို့ လျာထားတာ ဒီနေ့ထိ နွေစပါး ၂၁၅၀၁ ဧက စိုက်ပျိုးပြီးပြီ။ နွေစပါးစိုက်ပျိုးမှုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနေတာပါ"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၀၅၉၂ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၆၀၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၀၃၂ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၂၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်အတွင်း နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးနိုင်ရန် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးစိုက်ပျိုးရာသီက ကသာခရိုင်တွင် နွေစပါး ၂၂၅၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၁)နေ ဦးဖုန်းထက်နိုင်-ဒေါ်ပြည့်ပြည့်လှိုင်မိသားစုက ဆေးပဒေသာသင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဒေါက်တာဒေါ်ခင်ဦးကြည်က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးဧက ၁၄၅၀၀ စိုက်ပျိုးနေ



**ပုသိမ် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ အကျိုးတူလယ်ယာစနစ်ဖြင့် နွေစပါးဧက ၁၄၅၀၀ စိုက်ပျိုးနေကြောင်း ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူစုစုပေါင်း ၁၃၅၃ ဦးက နွေစပါးဧက ၁၄၅၀၀ ကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများအသုံးပြုပြီး အကျိုးတူလယ်ယာစနစ်ဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်က စတင်စိုက်ပျိုးနေကြောင်း၊ အဆိုပါစနစ်ဖြင့် နွေစပါးဧက ၁၄၅၀၀ စိုက်ပျိုးနိုင်ရန် တောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ အကျိုးတူလယ်ယာစနစ်နဲ့ နွေစပါးဧက ၁၄၅၀၀ ကို ဖေဖော်ဝါရီ ဒုတိယပတ်က စတင်စိုက်ပျိုးနေပါတယ်။ ဒီစနစ်မှာ တောင်သူ၊ စိုက်ပျိုးရေးကုမ္ပဏီနဲ့ စိုက်ပျိုးရေးဦးစီးဌာနစတဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ရတာ ဖြစ်ပါတယ်။ အကျိုးတူလယ်ယာစနစ်ဆိုတာကတော့ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဆိုတဲ့ ခေါင်းစဉ်အောက်ကနေ နွေစပါးတစ်ဧကကို ငွေကျပ်နှစ်သိန်းနှုန်းနဲ့ညီမျှတဲ့ သွင်းအားစုတွေပံ့ပိုးပေးတာပါ။ တောင်သူတွေဘက်ကနေ သီးနှံတွေပြန်လည်ရိတ်သိမ်းတဲ့အခါ ပေါက်ဈေးအတိုင်းပြန်ဝယ်ယူပေးတာပါ။ ဒီစနစ်က တောင်သူတွေအတွက် တော်တော်အကျိုးဖြစ်စေပါတယ်"ဟု ပုသိမ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က ပြောပြသည်။

နွေစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေးသွင်းအားစုများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ခြင်း၊ သွင်းအားစုများ စောစောရရှိသည့်အတွက် စောစာစိုက်ပျိုးနိုင်ခြင်း၊ သွင်းအားစုများ ပြင်ပပေါက်ဈေးထက်လျော့နည်းသည့်အတွက် ကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အရာတော်မြို့နယ်၌ ဖြစ်ပွားခဲ့သော ကျောင်းကြိုပိုယာဉ် မိုင်းခွဲတိုက်ခိုက်ခံသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ လူငယ်တွေရဲ့ အနာဂတ်ကိုရိုက်ချိုးနေသည့် အနာဂတ်မဲ့ အကြမ်းဖက်သမားလူငယ်များ"** ခေါင်းစဉ်ဖြင့် ၁-၃-၂၀၂၃ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KLNA နှင့် PDF အကြမ်းဖက်သမားများက လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာအတွင်းသို့ Drop Bomb များ ပစ်ချဖောက်ခွဲခဲ့၍ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဟိုပုန်းမြို့နယ် ထမ့်အယ်ကျေးရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဟိုပုန်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် စံပူးကျေးရွာအုပ်စု ထမ့်အယ်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထမ့်အယ်ကျေးရွာ၌ လမ်းအရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထမ့်အယ်ကျေးရွာ၌ လမ်းအရှည်ပေ ၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၄ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၄ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ပြောပြ၍ သိရသည်။

**ရှိုသန်းညွန့်**



# သမိုင်းဝင် မဟာဗန္ဓုလပန်းခြံနှင့် ရန်ကုန်မြို့တော်ခန်းမ

**မောင်သာ(ရှေးဟောင်းသုတေသန)**



ရန်ကုန်မြို့တော်ခန်းမအဆောက်အအုံကို တွေ့ရစဉ်။

ခရိုင် ၁၄ ခရိုင်၊ မြို့နယ် ၄၅ မြို့နယ်ဖြင့် ဖွဲ့စည်းထားသော ရန်ကုန်တိုင်းဒေသကြီး၏ မြို့လယ်ဖြစ်သည့် လမ်းမတော်၊ လသာ၊ ပန်းဘဲတန်းနှင့် ကျောက်တံတားမြို့နယ်တို့၌ ရှေးဟောင်းအဆောက်အအုံနှင့် မြို့ပြအမွေအနှစ်နေရာများ တည်ရှိနေသည့်အနက် မဟာဗန္ဓုလပန်းခြံနှင့် ရန်ကုန်မြို့တော်ခန်းမတို့သည် အထင်ရှားဆုံးဖြစ်သည်။ ရန်ကုန်မြို့၏ ဗဟိုအချက်အချာနေရာတွင် ဆူးလေစေတီတော်၊ မဟာဗန္ဓုလပန်းခြံနှင့် ရန်ကုန်မြို့တော်ခန်းမတို့သည် သုံးပွင့်ဆိုင်တည်ရှိနေကြသည်။

**မဟာဗန္ဓုလပန်းခြံ**

ရန်ကုန်မြို့၏ အထင်ရှားဆုံးသော အများပြည်သူအပန်းဖြေနေရာတစ်ခုဖြစ်သည့် မဟာဗန္ဓုလပန်းခြံသည် အရှေ့ဘက်နှင့်အနောက်ဘက်တွင် မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဆူးလေဘုရားလမ်း၊ တောင်ဘက်နှင့်မြောက်ဘက်တွင် ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းတို့ကြားတွင်တည်ရှိ၍ ၇ ဒသမ ၅ ဧက ကျယ်ဝန်းသည်။ ပန်းခြံတစ်ဖက်စီသည် ၁၈၀ ဒသမ ၇၅ ပေစီ ရှည်လျားသည်။

မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ်(ခရစ်နှစ် ၁၈၅၁-၁၈၅၂ ခုနှစ်)ထိ ဆူးလေစေတီဝန်းကျင်သည် ရေပတ်လည်ဝိုင်းနေခဲ့သည်။ ထိုစဉ်က ယခု မဟာဗန္ဓုလပန်းခြံနေရာ တောင်ဘက်ပိုင်းသည် ရေလယ်ကျွန်းဖြစ်ပြီး ရေလယ်ကျွန်းမှ ဆူးလေစေတီသို့ ကူးရန် ကျောက်တံတားတစ်ခုရှိခဲ့သဖြင့် ၎င်းနေရာသည် ကျောက်တံတားအရပ်ဟု အမည်တွင်ခဲ့သည်။ ဆူးလေစေတီတော်သည် ဂဝံကုန်းကမူထက်တွင် တည်ရှိနေကာ မဟာဗန္ဓုလပန်းခြံနေရာသည် ရွံ့ညွန်ထူထပ်ပြီး ရန်ကုန်မြစ်ကမ်းနှင့် ဆက်နေကြောင်း၊ ရန်ကုန်မြစ်မှ ဆူးလေစေတီထိ စီးဆင်းနေသည့် ချောင်းလက်တက်ငယ်သည် ဆူးလေစေတီကုန်းကို ရစ်ခွေနေခဲ့ကြောင်း၊ အလောင်းမင်းတရား ရန်ကုန်မြို့ကိုတည်ခဲ့စဉ်က ၎င်းရွံ့ညွန်တောသည် မြို့ကွက်နှင့် ဆူးလေစေတီတော်ကို ပိုင်းခြားခဲ့ကြောင်း "အလောင်းမင်းတရားကြီးတည်ခဲ့တဲ့မြို့ရန်ကုန်"စာအုပ်တွင်ဖော်ပြထားသည်။ ၁၈၄၁ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် သာယာဝတီမင်းသည် နေပြည်တော်မှ ဥက္ကလာသို့ ကြွရောက်ခဲ့ကာ အောက်တိုဘာ ၂၃ ရက်တွင် ရွှေတိဂုံစေတီတော်၏ တောင်ဘက် ဥက္ကလာပဇနပုဒ်တွင် ၁၈၀၀ တာဝန်းပတ်လည်ရှိသော မြေမြို့ကို ခုနစ်ရက်အတွင်း အင်္ဂါပြည့်စုံစွာတည်ခဲ့သည်။ ထို့နောက် မြို့တော်ကို "အောင်မြေရန်နှင်"ဟုလည်းကောင်း၊ နန်းတော်ကို "မြတ်နန်းအောင်ချာ"ဟုလည်းကောင်း အမည်သမုတ်ခဲ့သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းအရ ၎င်းနေရာတွင် ယခုကျောက်တံတားမြို့နယ် ဖြစ်ပေါ်လာသည်ဟုဆိုသည်။ မဟာဗန္ဓုလပန်းခြံကို ရှေးအခါက Tank Square ဟုခေါ်ဆိုခဲ့သည်။ ၁၈၆၇ ခုနှစ်မှ ၁၈၇၁ ခုနှစ်အတွင်း၌ မဟာဝန်ရှင်တော်မင်းကြီး အဲလ်ဘတ်ဖိုက်ချ်က ရန်ကုန်မြို့ကို အကွက်ချပြုပြင်ခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ရွံ့တောကြီးကို အပန်းဖြေစခန်းပြုလုပ်ရန် မြေဖို့၍ ဖိုက်ချ်စကွဲယား(Fytche Square)ဟု အမည်ပေးခဲ့သည်။

ထို့နောက် ဝိတိုရိယဘုရင်မကို အစွဲပြုလျက် ဘုရင်မပန်းခြံဟု အမည်ပြောင်းခဲ့ပြီး ပန်းခြံအတွင်း၌ ဝိတိုရိယဘုရင်မရုပ်တုကို ၁၈၉၆ ခုနှစ်တွင် စိုက်ထူခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဝိတိုရိယဘုရင်မရုပ်တုကို ဖယ်ရှား၍ လွတ်လပ်ရေးကျောက်တိုင်ကိုစိုက်ထူခဲ့သည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးပြီးနောက် ဝိတိုရိယဘုရင်မရုပ်တုကို အင်္ဂလန်သို့ ပြန်လည်ယူဆောင်သွားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ဖိုက်ချ်စကွဲယားကို ဗန္ဓုလရင်ပြင်ဟု အမည်ပြောင်းခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် ပန်းခြံအတွင်း၌ အင်္ဂလိပ်ဘင်ခရာအဖွဲ့ ဖျော်ဖြေပွဲများပြုလုပ်ကာ နောက်ပိုင်းတွင် မြန်မာအငြိမ့်ပွဲများကို ကပြခဲ့သည်။

**လွတ်လပ်ရေးကျောက်တိုင်**

မဟာဗန္ဓုလပန်းခြံအတွင်း၌ ခံ့ညားစွာတည်ရှိနေသည့် လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အုတ်မြစ်ချခဲ့သည်။ ကျောက်တိုင်ကို အင်ဂျင်နီယာ ဦးအုန်းကြိုင်က ပုံစံထုတ်၍ ဗိသုကာပညာရှင် စည်သူဦးတင်က တာဝန်ယူတည်ဆောက်ခဲ့သည်။ ပေ ၁၅၀ မြင့်သည့် လွတ်လပ်ရေးကျောက်တိုင်ကို ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ လွတ်လပ်ရေးကျောက်တိုင်ကို ကျောက်တိုင်ငယ် ငါးခုက ဝန်းရံထားကာ ကျောက်တိုင်ပတ်လည်တွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ လွတ်လပ်ရေးမော်ကွန်းကျောက်စာတိုင်အုတ်မြစ်ချမိန့်ခွန်း၊ တိုင်းပြည်ပြုလွှတ်တော်(ယာယီပါလီမန်)တွင် ဝန်ကြီးချုပ် ဦးနုပြောကြားသော လွတ်လပ်ရေးနေ့မိန့်ခွန်း၊ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းကောက်နုတ်ချက်များနှင့် လွတ်လပ်ရေးသစ္စာအဓိဋ္ဌာန် ကိုးချက်ကို ရေးသားထားသည်။ ပင်မကျောက်တိုင်နှင့် ဝန်းရံထားသည့်ကျောက်တိုင်များကို ငါးမြှောင့်ကြယ်ပုံသဏ္ဌာန်ပြုလုပ်ထားသဖြင့် ကျောက်တိုင်ကို ကောင်းကင်အပေါ်စီးကကြည့်လျှင် ထိုစဉ်က မြန်မာနိုင်ငံအလံတော်တွင်ပါရှိသည့်အတိုင်း ကြယ်ကြီးကို ကြယ်ငါးလုံးက ဝန်းရံထားပုံကို မြင်ကြရမည်ဖြစ်သည်။ လွတ်လပ်ရေးကျောက်တိုင် အောက်ခြေပတ်လည် အဆင့်နှစ်ဆင့်တွင် ခြသေ့်ရုပ် ငါးရုပ်စီကို ထားရှိသည်။ လွတ်လပ်ရေးကျောက်တိုင်၏ အရှေ့ဘက်တွင် ကြေးပြားဖြင့် သစ္စာအဓိဋ္ဌာန်ကိုးချက်ကို ရေးထိုးထားသည်။ သစ္စာအဓိဋ္ဌာန်ကိုးချက်မှာ-

၁။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့အားလွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော ငါတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်။

၂။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေမဖည် စောင့်ထိန်းမည်။

၃။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ လွတ်လပ်သောနိုင်ငံသားတို့၏ မွန်မြတ်သောအခွင့်အရေးကိုခံယူသည့်နည်းတူ လွတ်လပ်သောနိုင်ငံသားတို့၏ ဝတ္တရားများကိုလည်း မတိမ်းမငဲ့ ထမ်းဆောင်မည်။

၄။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လုံ့လဥဿာဟရရှိပြီးဖြစ်သော အမျိုးသားညီညွတ်ရေးကို ကျောက်စိုင်ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင်ထိန်းသိမ်းမည်။

၅။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ်နီးဝေးမခြား တစ်သွေးတစ်သားတည်းပြု၍ နည်းများ နိမ့်မြင့် မရှိစေရ၊ ညီတူညီမျှ ပြုမည်။

၆။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုမူခြင်းကိုလည်းမခံ၊ အသက်နှင့်လဲ၍ ကာကွယ်မည်။

၇။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်။

၈။ ငါတို့သည် ဤနေ့ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ကြမည်။

၉။ လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာအရှည်တည်မြဲရေးတာဝန်သည် ငါတို့နှင့်တကွ ငါတို့ သားမြေး နောင်လာအဆက်ဆက်တို့အပေါ်၌ တည်စေမည်။

ဤငါတို့ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာအရှည်တည်စေသတည်း။

**ရန်ကုန်မြို့တော်ခန်းမ**

မဟာဗန္ဓုလလမ်း၏ မျက်နှာချင်းဆိုင်တွင် ရန်ကုန်မြို့တော်ခန်းမ အဆောက်အအုံတည်ရှိပြီး မြို့တော်ခန်းမသည် ရှေးဟောင်းအမွေအနှစ်စာရင်းဝင် အဆောက်အအုံတစ်ခုဖြစ်၍ ရန်ကုန်မြို့တော်ဝန်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရုံးစိုက်သည့်နေရာဖြစ်သည်။

ရန်ကုန်မြို့တော် ခန်းမအဆောက်အအုံကို ဗိသုကာပညာရှင် စည်သူ ဦးတင်က ပုံစံရေးဆွဲတည်ဆောက်ခဲ့သည်။

အဆောက်အအုံကို ၁၉၃၄ ခုနှစ် ဧပြီလတွင် စတင်တည်ဆောက်၍ ၁၉၃၆ ခုနှစ် မေလတွင်ပြီးစီးခဲ့သည်။ တည်ဆောက်စဉ်က ရန်ကုန်မြူနီစီပယ်ကော်ပိုရေးရှင်း အဆောက်အအုံဟုခေါ်ဆိုခဲ့ပြီး ၁၉၃၄ ခုနှစ်မှစ၍ ကော်ပိုရေးရှင်းဥက္ကဋ္ဌကို ရန်ကုန်မြို့တော်ဝန်ဟု ခေါ်ဆိုခဲ့သည်။

မြို့တော်ခန်းမအဆောက်အအုံတည်ဆောက်ရန် ၁၉၂၈ ခုနှစ် အောက်တိုဘာလတွင် မြူနီစီပယ်အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။ ကော်မရှင်နာမင်းကြီးက အင်ဂျင်နီယာဘရေး ရေးဆွဲသည့် အဆောက်အအုံပုံစံကိုပြသရာ မြန်မာမဆန်သဖြင့် ဦးဘဘေက ကန့်ကွက်ခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်မြို့တော် အဆောက်အအုံတည်ဆောက်ရန် ဒီဇိုင်းပြိုင်ပွဲ ကျင်းပခဲ့သည်။ ထိုပြိုင်ပွဲတွင် L.A Mc Clumpha ရေးဆွဲသည့်ဒီဇိုင်းက အရွေးချယ်ခံခဲ့ရသည်။ သို့သော် ၎င်းပုံစံသည် ဥရောပပုံစံသက်သက်ဖြစ်နေသဖြင့် ဦးဘဘေ ခေါင်းဆောင်သည့် မြန်မာ့နိုင်ငံရေးသမားများက ကန့်ကွက်ခဲ့ကြပြီး မြန်မာ့ဗိသုကာဟန်လက်ရာများပါရှိသည့် ဒီဇိုင်းဖြစ်သင့်ကြောင်း တောင်းဆိုခဲ့ကြသည်။ ထို့နောက် ဗိသုကာပညာရှင် စည်သူဦးတင်ကို ပုံစံရေးဆွဲတွက်ချက်တင်ပြရန် တာဝန်ပေးအပ်ခဲ့သည်။

ရန်ကုန်မြို့တော်ခန်းမသည် ဥရောပနှင့် မြန်မာဗိသုကာဟန်တို့ကို ပေါင်းစပ်တည်ဆောက်ခဲ့သည့် လက်ရာတစ်ခုအဖြစ် ထင်ရှားခဲ့သည်။

မြို့တော်ခန်းမ အဆောက်အအုံအတွင်းပိုင်းတွင် မြန်မာ့ရိုးရာ ဗိသုကာလက်ရာဟန်များဖြင့် တန်ဆာဆင်ထားရာတွင် ကျယ်ဝန်းသော လှေကားများ၊ ခန်းမတံခါးပေါက်တစ်ခုစီတွင် ခံ့ညားသည့်အပြောက်အမွမ်းများကို ထည့်သွင်းခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီး မြန်မာနိုင်ငံသို့ အင်္ဂလိပ်များ ပြန်လည်ဝင်ရောက်လာခဲ့ပြီးနောက် ရန်ကုန်မြို့တော်ခန်းမကို စစ်ခုံရုံးအဖြစ် အသုံးပြုခဲ့သည်။

ထို့အတူ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် မြန်မာအမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ရန်ကုန်မြို့တော်ခန်းမ၌ နောက်ဆုံးမိန့်ခွန်းတစ်ရပ်ကို ပြည်သူများသို့ ပြောကြားခဲ့သည်။

ရန်ကုန်မြို့လယ်ရှိ မဟာဗန္ဓုလပန်းခြံနှင့် ရန်ကုန်မြို့တော်ခန်းမတို့သည် ရန်ကုန်မြို့ပြအမွေအနှစ်များအဖြစ်ထင်ရှားစွာတည်ရှိနေကြကာ ခေတ်အဆက်ဆက်ထိန်းသိမ်းမှုများကို ဆောင်ရွက်ခဲ့ကြသဖြင့် ပြည်သူများ ယနေ့တိုင်လေ့လာကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၂)**
- **ကျောက်တံတားမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေးဝန်ကြီးဌာန)**
- **မြန်မာရက်စွဲသမိုင်း (ဦးတိုက်စိုးမွှေလက်ဘရနှင့် ဒေါက်တာသန်းထွန်း)**
- **အလောင်းမင်းတရားကြီးတည်ခဲ့တဲ့ မြို့ရန်ကုန် (မောင်မြန်မွန် ဆူးလေ)**

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ပညာစွမ်းအင်

\- လောကမှာ ပညာများ
စုဆောင်းထား မင်းသူငါ၊
ပညာကို ဘယ်လူဆိုးတို့
ယူခိုးမပါ၊
ပညာနှင့်တူသောဥစ္စာ
လောကမှာ တကယ်မရှိ၊
ပညာဉာဏ် ရောင်လျှံဖြိုး
ဖိုးထိုက်တန်ဘိ။

\- ပညာသည် ကောင်းဆိုးသိ
ကြောင်းကျိုးညီ ဆင်ခြင်နိုင်၊
လေယူရာ ဘယ်မတိမ်း
မယိမ်းမယိုင်၊
လောကရဲ့ ဘဝမဏ္ဍိုင်
အရပိုင်ဆိုင် ကြိုးစားမနှေး၊
ပညာသည် ရတနာဖြစ်လို့
ချစ်ထိုက်တယ်လေး။

\- ပညာကို သင်အံတွေးလို့
ဘဝအရေး လှစေအမှန်၊
အချိန်ကို တန်ဖိုးထား
ကြိုးစားရှင်သန်၊
စာရိတ္တ ဖြောင့်မှန်ကန်
ကျင့်ကြံပါ သူတော်ထုံး၊
ပညာဂုဏ် တန်ခိုးတောက်လျှင်
ရောက်ပေါ့ထိပ်ဆုံး။ ။

**ရဲသွေးနီ(တက်ဝန်)**

## စစ်ကိုင်းခရိုင်တွင် နွေစပါး ၂၅၉၅ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြို့နယ်သုံးမြို့နယ်တွင် နွေစပါး ၂၅၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နွေစပါး ၈၇၇၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၂၅၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ နွေစပါးဧက ၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီ။ ကျန်ဧကတွေ ဆက်လက်စိုက်ပျိုးနေကြတယ်။ ဒီနှစ် နွေစပါးစိုက်ပျိုးမှုကတော့ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်ပျိုးရာမှာလဲ စနစ်တကျစိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်နေတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ယခုနှစ် စစ်ကိုင်းခရိုင်တွင် နွေစပါးဧက စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၀၂၇ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၇၄၀၊ မြောင်မြို့နယ်တွင် ၈၂၈ ဧက စုစုပေါင်း ၂၅၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် နွေစပါးစိုက်ပျိုးရာသီ၌ စစ်ကိုင်းခရိုင်တွင် နွေစပါး ၈၇၇၇ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈၈ ဒသမ ၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

## ဆိပ်ဖြူမြို့နယ် ကငွန်းမ(ရွာမ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကငွန်းမ(ရွာမ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေတတိယအကြိမ် ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆိပ်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ၊ အတိုးငွေနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်နှင့် အရင်းပြန်လည်ပေးဆပ်ရမည့် ကာလများအကြောင်း ပြောကြားသည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကငွန်းမ(ရွာမ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၂၀၄ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၇၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃၂ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၉၀ ကို တတိယအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၀၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

## တောင်သာမြို့နယ် ကျေးရွာနှစ်ရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာနှစ်ရွာတွင် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ VDP စီမံကိန်းတာဝန်ခံနှင့်အင်ဂျင်နီယာတို့နှင့်အတူ တဲကြီးကုန်းကျေးရွာနှင့် ရောင်ခြည်ဦးကျေးရွာတို့တွင် ရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းမှတ်တမ်းဆိုင်းဘုတ်များ စနစ်တကျစိုက်ထူထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တဲကြီးကုန်းကျေးရွာနှင့် ရောင်ခြည်ဦးကျေးရွာတို့တွင် ကျေးရွာတစ်ရွာလျှင် ကွန်ကရစ်လမ်းအရှည်ပေ ၅၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ခင်းခြင်းလုပ်ငန်းများကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ အသုံးပြု၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ဒုတိယပတ်မှစ၍ ကျေးရွာပြည်သူ လုပ်အားထည့်ဝင်မှုနှင့် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးမှုတို့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**

# နိုင်ငံတကာ သတင်းများ

## ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းတက်ရောက်မည်

**ပေကျင်း ဖေဖော်ဝါရီ ၂၈**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးချင်ကန်း တက်ရောက်မည် ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီး များ ဆွေးနွေးပွဲသို့ နိုင်ငံခြားရေး ဝန်ကြီး ချင်ကန်းတက်ရောက်မည့် အစီအစဉ်ကို တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ သတင်းစာရှင်းလင်းပွဲ၌ အတည်ပြုခဲ့သည်။

ဂျီ-၂၀ နိုင်ငံခြားရေးဝန်ကြီး များ အစည်းအဝေးကို နယူးဒေလီ မြို့၌ မတ် ၁ ရက်မှ ၂ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယူကရိန်းစစ်ရေးပဋိပက္ခအရှိန် ကောင်းနေချိန်နှင့် တရုတ်-အမေရိကန်နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေချိန်တွင် ဂျီ-၂၀ နိုင်ငံခြားရေး ဝန်ကြီးများ အစည်းအဝေးကို နယူးဒေလီမြို့၌ ကျင်းပရန်စီစဉ်ထားခြင်း ဖြစ်သည်။

ဂျီ-၂၀ အနေဖြင့် ကမ္ဘာ့စီးပွားရေးရင်ဆိုင်နေရသည့်အဓိက ပြဿနာများကို အာရုံစိုက်သင့်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

နယူးဒေလီ ဂျီ-၂၀နိုင်ငံခြားရေး ဝန်ကြီးများအစည်းအဝေးသို့ ယခုနှစ် ဂျီ-၂၀အလှည့်ကျဥက္ကဋ္ဌ အိန္ဒိယနိုင်ငံ၏ ဖိတ်ကြားချက်အရ ဂျီ-၂၀ အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၀ တို့မှ ကိုယ်စားလှယ်များလည်း တက်ရောက်မည်ဖြစ်သည်။ KKO



## အမျိုးအမည်မသိယာဉ်ပျံဝင်ရောက်မှုသတင်းကြောင့် စိန့်ပီတာစဘတ်လေဆိပ်၌ လေကြောင်းခရီးစဉ်များရပ်ဆိုင်း

**မော်စကို ဖေဖော်ဝါရီ ၂၈**

မောင်းသူမဲ့ လေယာဉ်ကဲ့သို့ အမျိုးအမည်မသိ အရာဝတ္ထုတစ်ခု လေဆိပ်ဧရိယာအတွင်း ဝင်ရောက်မှု သတင်းများကြောင့် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ ပေါလ်ကိုဗို လေဆိပ်သည် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်အားလုံး ရပ်ဆိုင်းခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမျိုးအမည်မသိ ယာဉ်ပျံတစ်စင်းနှင့်ပတ်သက်၍ အတည်မပြုနိုင်သည့် သတင်းများကြောင့် ပေါလ်ကိုဗို လေဆိပ်ပိတ်ထားခဲ့မှုကို စိန့်ပီတာစဘတ်မြို့အာဏာပိုင်များက သတင်းထုတ်ပြန်အတည်ပြုခဲ့သည်။

သို့သော် ပေါလ်ကိုဗိုလေဆိပ်ပတ်လည် ၁၂၄ မိုင်အတွက် ကန့်သတ်ထားသည့် ယာယီလေယာဉ်ပျံသန်းမှု ပိတ်ပင်ချက်ကို ပြန်လည် ရုပ်သိမ်းပေးခဲ့ပြီးနောက် လေကြောင်းခရီးစဉ်များပြန်လည် စတင်နိုင်ခဲ့ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လေကြောင်း ပျံသန်းမှု စောင့်ကြည့်ရေးဝက်ဘ်ဆိုက်များ၏ အဆိုအရ စိန့်ပီတာစဘတ်မြို့သို့ ဦးတည်ပျံသန်းနေသော လေကြောင်း ခရီးစဉ်အများအပြားမှာ ယနေ့ အစောပိုင်းတွင် လမ်းကြောင်းများ ပြောင်းခဲ့ရကြောင်း သိရသည်။

အမျိုးအမည်မသိ ယာဉ်ပျံ သတင်း ပေါ်ထွက်လာပြီးနောက် ရုရှားတာဝန်ရှိသူများက ပေါလ်ကိုဗို လေဆိပ်ဝန်းကျင်သို့တိုက်လေယာဉ် များ စေလွှတ်ခဲ့သော်လည်း မည်သည့်အရာမျှ မတွေ့ခဲ့ရကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြား ခဲ့သည်။ KKO

## သမ္မတပူတင်က ရုရှားနိုင်ငံ၏ ချစ်ကြည်ရေးဘွဲ့တံဆိပ်ကို မင်းသားကြီးစတီဗင်ဆေးဂဲလ်အား ချီးမြှင့်



**မော်စကို ဖေဖော်ဝါရီ ၂၈**

ကမ္ဘာကျော် ဟောလီးဝုဒ် အက်ရှင်မင်းသားကြီး စတီဗင်ဆေးဂဲလ်အား ထိပ်တန်းနိုင်ငံတော် ဆုတံဆိပ်တစ်ခုကို ရုရှားသမ္မတ ပူတင်က ဖေဖော်ဝါရီ ၂၇ ရက် တွင် ချီးမြှင့်ခဲ့ကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့သည်။

နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ၌ ပါဝင်ခဲ့သည့်အတွက် ရုရှားနိုင်ငံ၏ ချစ်ကြည်ရေးဘွဲ့တံဆိပ်ကို မင်းသားကြီး စတီဗင်ဆေးဂဲလ်အား ချီးမြှင့်ခဲ့ကြောင်း ကရင်မလင် နန်းတော်က ဖေဖော်ဝါရီ ၂၇ ရက် တွင် ထုတ်ပြန်ခဲ့သော အမိန့်ဒီကရီ၌ ဖော်ပြထားသည်။

ကိုယ်တိုင်လည်း ကိုယ်ခံပညာ ရှင်တစ်ဦးဖြစ်သည့် မင်းသားကြီး စတီဗင်ဆေးဂဲလ်သည် ရုရှားသမ္မတ ပူတင်ကို ပုဂ္ဂိုလ်ရေးအရ လေးစားသူဖြစ်သည်။

စတီဗင်ဆေးဂဲလ်သည် ယူကရိန်း ကရိုင်းမီးယားကျွန်းဆွယ်ဒေသအား ရုရှားအချုပ်အခြာအောက် ထည့်သွင်းမှုကို ထောက်ခံခဲ့သူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ရုရှားအစိုးရကို လိုလားသည့် နိုင်ငံရေးပါတီတစ်ခုမှာပင် ပါဝင်ခဲ့သည်။

ရုရှားသမ္မတ ပူတင်က ရုရှား ချစ်ကြည်ရေးဘွဲ့တံဆိပ် ချီးမြှင့်မှုနှင့်ပတ်သက်၍ အသက် ၇၀ အရွယ် မင်းသားကြီး စတီဗင်ဆေးဂဲလ်က တစ်စုံတစ်ရာ တုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။

ရုရှား နိုင်ငံကူးလက်မှတ်ကို ၂၀၁၆ ခုနှစ်ကပင် သမ္မတပူတင်က ထုတ်ပေးထားခဲ့သော စတီဗင် ဆေးဂဲလ်ကို ယူကရိန်းနိုင်ငံက အမျိုးသားလုံခြုံရေး အကြောင်းပြချက်များဖြင့် ၂၀၁၇ ခုနှစ်တွင် ယူကရိန်းပြည်ဝင်ခွင့် ငါးနှစ်ပိတ်ပင်ထားကြောင်း သိရသည်။ KKO

## သက်တမ်း ၂၅ နှစ်နှင့်အထက် ကုန်တင်သင်္ဘောများ၏ ကုန်သွယ်ခွင့်လိုင်စင်များ အိန္ဒိယရုပ်သိမ်းထား

**ဒေလီ ဖေဖော်ဝါရီ ၂၈**

သက်တမ်း ၂၅ နှစ်အထက်ရှိ ရေနံတင်သင်္ဘောများနှင့် ကုန်ခြောက်တင်သင်္ဘောများ၏ကုန်သွယ်ခွင့်လိုင်စင်များကို အိန္ဒိယအစိုးရက ပြန်လည် ရုပ်သိမ်းထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာပေါ်၌ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များကို တတိယမြောက်အများဆုံး ထုတ်လွှတ်နေသည့် အိန္ဒိယနိုင်ငံသည် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုကို လျှော့ချရန်နှင့်ရေနံတင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၏ ပျမ်းမျှသက်တမ်းကိုလည်း လျှော့ချရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါ ရည်မှန်းချက်များအတွက် မိမိတို့အနေဖြင့် သက်တမ်း ၂၅ နှစ်နှင့်အထက် ရေနံတင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများ၏ ကုန်သွယ်မှု လိုင်စင်များကို ရုပ်သိမ်းထားကြောင်း အိန္ဒိယအစိုးရရေကြောင်းသွားလာရေး ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အိန္ဒိယတာဝန်ရှိသူများသည် သက်တမ်း နှစ် ၂၀ နှင့်အထက် ကုန်တင်သင်္ဘောများ ဝယ်ယူမှုကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

အိန္ဒိယ တာဝန်ရှိသူများ၏ လက်ရှိစည်းမျဉ်းများအရသက်တမ်း ၂၅ နှစ်အောက် ရေနံတင်သင်္ဘောနှင့် ကုန်တင်သင်္ဘောများကို လက်တွေ့ရှင်းလင်းတင်ပြချက်များတင်သွင်းရန်မလိုဘဲ ဝယ်ယူအသုံးပြုခွင့်ရှိသည်။

အိန္ဒိယအစိုးရ၏ ကုန်တင်သင်္ဘောများ သက်တမ်းသတ်မှတ်ချက်၌ အိန္ဒိယသို့လာရောက်မည့် ပြည်ပကုန်တင် သင်္ဘောများလည်း အကျုံးဝင်ကြောင်း သိရသည်။

KKO



## ယူကရိန်းပြဿနာအတွက် ဆွေးနွေးရန် လမ်းဖွင့်ထားသော်လည်း ထိန်းချုပ်နယ်မြေများကို စွန့်လွှတ်မည်မဟုတ်ကြောင်း ရုရှားပြောကြား

**မော်စကို ဖေဖော်ဝါရီ ၂၈**

ယူကရိန်းပြဿနာ အဆုံးသတ်ရေးအတွက် ရုရှားနိုင်ငံ၏ ရပ်တည်ချက်သဘောထားကို ရုရှားအစိုးရက ယနေ့တွင် ထပ်လောင်း အတည်ပြုခဲ့သည်ဟု ရိုက်တာ သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် ယူကရိန်း ပြဿနာ အဆုံးသတ်ရေးအတွက် ဆွေးနွေးရန် လမ်းဖွင့်ထားသော်လည်း ရုရှားအချုပ်အခြာအောက် ထည့်သွင်းထားသည့် နယ်မြေများကိုမူ စွန့်လွှတ်မည်မဟုတ်ကြောင်း ကရင်မလင်နန်းတော် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ယနေ့တွင် သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကို ဖြေရှင်းရေးအတွက် ဆွေးနွေးရန် မိမိတို့ လမ်းဖွင့်ထားကြောင်း၊ သို့သော် နယ်မြေအချုပ်အခြာပိုင်စိုးမှုဆိုင်ရာ အရှိတရားသစ်များကို မျက်ကွယ်ပြု၍ မရနိုင်ကြောင်း ဒီမီထရီပက်စကော့ဗ်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်း အရှေ့ပိုင်းဒေသလေးခုတို့၌ လူထုဆန္ဒခံယူပွဲများ ကျင်းပပြီးနောက် ယင်းဒေသလေးခုကို ရုရှားအချုပ်အခြာအောက်ထည့်သွင်းကြောင်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ကြေညာထားသည်။

အဆိုပါဒေသ လေးခုတို့အား ရုရှား အချုပ်အခြာအောက်ထည့်သွင်းထားမှုကို ယူကရိန်းက လက်ခံခဲ့ပါက စေ့စပ်ဆွေးနွေးရေးအတွက် လမ်းဖွင့်ထားကြောင်း ဒီမီထရီ ပက်စကော့ဗ်က ပြောကြား ခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် အဆိုပါ ဒေသလေးခုစလုံးကို အပြည့်အဝထိန်းချုပ်နိုင်မှု မရှိသေးကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအပြောပြော

## ပိုလန်နိုင်ငံက ပထမဆုံး Leopard 2A4 MBTs ပင်မတိုက်ပွဲဝင်တင့်ကားလေးစီးကို ယူကရိန်းသို့ပို့ဆောင်



ပိုလန်နိုင်ငံသည် ပထမဆုံး Leopard 2A4 MBTs ပင်မတိုက်ပွဲဝင်တင့်ကား လေးစီးကို ယူကရိန်းသို့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပို့ဆောင်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

Leopard 2A4 တင့်ကားနောက်တစ်သုတ်ကို လာမည့်ရက်သတ္တပတ်အနည်းငယ်အတွင်း ယူကရိန်းလက်နက်ကိုင်တပ်ဖွဲ့များသို့ ထပ်မံပံ့ပိုးသွားမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံဝန်ကြီးချုပ် Mateusz Morawiecki က ပြောကြားချက်များအရ သိရသည်။

ပိုလန် ကာကွယ်ရေးဝန်ကြီးဌာနက Leopard 2 တင့်ကားများ တိုက်ပွဲဝင်လုပ်ဆောင်နိုင်ရေးအတွက် ယူကရိန်းစစ်သားများကို လေ့ကျင့်သင်တန်းပေးခြင်းများ ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားထားသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း ဥရောပနိုင်ငံအများအပြားသည် ရုရှားတပ်ဖွဲ့များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကို တုံ့ပြန်လုပ်ဆောင်နိုင်ရန် စစ်ရေးပံ့ပိုးမှုတစ်စိတ်တစ်ပိုင်းအဖြစ် ယူကရိန်းသို့ Leopard 1 နှင့် 2 ပင်မတိုက်ပွဲဝင်တင့်ကားများ ပေးအပ်ရန်ဆုံးဖြတ်ခဲ့ကြသည်။

ရုရှားနိုင်ငံသည် ပင်မတိုက်ပွဲဝင်တင့်ကားများနှင့်ပတ်သက်၍ အင်အားအကြီးမားဆုံး၊ အရေအတွက်အများဆုံးပိုင်ဆိုင်ထားသည့်နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။ ရုရှားစစ်ဘက်၏စွမ်းအားကိုရင်ဆိုင်ရန်အတွက် ယူကရိန်းသမ္မတက တင့်ကားများနှင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များအပါအဝင် စစ်ရေးအကူအညီအမြောက်အမြားပံ့ပိုးပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းကို ဆက်လက်တောင်းဆိုလျက်ရှိသည်။

ပိုလန်စစ်ဘက်တွင် Leopard 2A4 ပင်မတိုက်ပွဲဝင်တင့်ကားစုစုပေါင်း ၁၃၇ စီး (2PL သို့အဆင့်မြှင့်တင်နေသည်)၊ Leopard 2A5 MBT ၁၀၅ စီးနှင့် Leopard 2PL MBTs ၁၀ စီးထက်မနည်း ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။ ပိုလန်က ယူကရိန်းသို့ လွှဲပြောင်းပံ့ပိုးသည့် Leopard 2A4s တင့်ကားများသည် ပိုလန်စစ်ဘက်၏လက်နက်တိုက်ပိုင်ဆိုင်မှုစာရင်းမှထုတ်နုတ်ပံ့ပိုးခြင်းလည်းဖြစ်သည်။

ပင်မတိုက်ပွဲဝင်တင့်ကား Leopard 2A4 မျိုးကွဲသည် Leopard 2 တင့်ကားအုပ်စုတွင် ပထမဆုံးစတင်ထုတ်လုပ်ထားသည့် ဗားရှင်းဖြစ်သည်။ သို့သော် ၎င်းသည် ယူကရိန်း၏ ဆိုဗီယက်ခေတ်ထုတ်တင့်ကားများနှင့်နှိုင်းယှဉ်ပါက တိုက်ခိုက်ရေးစွမ်းရည် အားသာချက်များပါရှိလာပြီး ဥပမာ၊ အဆင့်မြှင့်တင်ထားသောပစ်ခတ်ထိန်းချုပ်မှုစနစ်နှင့် သံချပ်ကာအကာအကွယ်စနစ်များ ထည့်သွင်းထားခြင်းမျိုးဖြစ်သည်။ Leopard 2A4 တင့်ကားတွင် L44 120mm ပြောင်းချောအမြောက်သေနတ်ကို တပ်ဆင်ထားသည်။

**Poland delivers to Ukraine first four Leopard 2A4 MBTs Main Battle Tanks ကိုဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်အနေဖြင့် ယူကရိန်းကို ကူညီပံ့ပိုးမှုများရပ်တန့်ပြီး တရုတ်ကို အာရုံစိုက်ရန် Vivek Ramaswamy ပြောဆို

အမေရိကန်အနေဖြင့် ယူကရိန်းကို အစွမ်းကုန်ကူညီပံ့ပိုးမှုများ ရပ်တန့်ပြီး တရုတ်နိုင်ငံ၏ အင်အားကြီးထွားလာမှုအပေါ် အာရုံစိုက်ရန် စွန့်ဦးတီထွင်သူ Vivek Ramaswamy က ထောက်ပြပြောဆိုခဲ့သည်။ စွန့်ဦးတီထွင်သူတစ်ဦးဖြစ်သူ Vivek Ramaswamy သည် ၂၀၂၄ ရီပတ်ဘလစ်ကန်ပါတီ၏ သမ္မတလောင်းအဖြစ် ပါဝင်အရွေးချယ်ခံမည်ဟု ယခုသီတင်းပတ်အစောပိုင်းက တရားဝင်ကြေညာခဲ့သည်။

ယူကရိန်းပဋိပက္ခကို ဗီယက်နမ်စစ်ပွဲနှင့်နှိုင်းယှဉ်ပြီး တရုတ်နိုင်ငံအပေါ် အာရုံစိုက်ထားရန် အမေရိကန်ကို ဖေဖော်ဝါရီ ၂၄ ရက်က မှတ်ချက်များဆက်တိုက်ပေး၍ သတိပေးခဲ့ခြင်းဖြစ်သည်။ တရုတ်(တိုင်ပေ)နှင့်ပတ်သက်သည့် ပဋိပက္ခမဖြစ်မီ အမေရိကန်၏ စစ်ရေးစွမ်းရည်ကိုလျော့ပါးစေရန် တရုတ်နိုင်ငံက ယူကရိန်း၌ ဆက်လက်ဖြစ်ပွားနေသော ရန်လိုတိုက်ခိုက်မှုများကို ကြာရှည်သည်ထက် ကြာစေလိုကြောင်း Ramaswamy က စွပ်စွဲပြောကြားခဲ့သည်။

"အဓိကကတော့ တရုတ်ကို အာရုံပြန်စိုက်ရမယ်။ တရုတ်(တိုင်ပေ)ကို မကျူးကျော်ခင် အနောက်နိုင်ငံတွေရဲ့စစ်ရေးစွမ်းရည်ကို ယုတ်လျော့သွားစေဖို့အတွက် ယူကရိန်းပဋိပက္ခကို တရုတ်ကတတ်နိုင်သမျှ ရှည်စေချင်ပါတယ်။ ယူကရိန်းကို ကူညီတာနဲ့ ကျွန်ုပ်တို့ပိုမိုအားကောင်းနေမှာပါ။ အမှန်တကယ်တော့ ကျွန်ုပ်တို့ဟာ တရုတ်နဲ့ယှဉ်ရင် ပိုမိုအားနည်းလာပါတယ်"ဟု ၎င်းက ထောက်ပြခဲ့သည်။

တရုတ်(တိုင်ပေ)အရေးနှင့်ပတ်သက်၍ အမေရိကန်နှင့် တရုတ်တို့သည် ကာလအတန်ကြာ သဘောထားကွဲလွဲခဲ့ကြပြီး တရုတ်(တိုင်ပေ)သည် ၎င်း၏ One China ပေါ်လစီအရ နိုင်ငံ၏အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် တရုတ်နိုင်ငံနှင့်ပတ်သက်စပ်ဆိုင်နေသည်။

တရုတ်နိုင်ငံ၏ မူဝါဒကိုတရားဝင်အရလိုက်နာကျင့်သုံးနေသည့် အမေရိကန်နိုင်ငံသည် တရုတ်(တိုင်ပေ)နှင့်နီးကပ်သောဆက်ဆံရေးကိုထိန်းသိမ်းထားပြီး ကျွန်းကိုလက်နက်များပံ့ပိုးပေးကာ ထိုင်ဝမ်ရေလက်ကြားသို့ စစ်သင်္ဘောများ ပုံမှန်စေလွှတ်လျက်ရှိသည်။ တရုတ်နိုင်ငံက အမေရိကန်သည် ဒေသတွင်းအခြေအနေကို မတည်မငြိမ်ဖြစ်စေရန်၊ တရုတ်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ကာ တရုတ်(တိုင်ပေ)ပေါ်ရှိ ခွဲထွက်ရေးသမားများ၏စိတ်ဓာတ်များကို သွေးထိုးလှုံ့ဆော်ပေးနေသည်ဟု အကြိမ်ကြိမ်စွပ်စွဲခဲ့သည်။

တစ်ချိန်တည်းမှာပင် တရုတ်(တိုင်ပေ)နှင့် တရုတ်ကိုတင်းမာမှုများ အရှိန်မြှင့်လျက်ရှိ



ကြောင်း အမေရိကန်က ပြောကြားထားပြီး တရုတ်(တိုင်ပေ)အနီးတွင် တရုတ်စစ်ဘက်က အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့် အကြီးစား စစ်ရေးလေ့ကျင့်မှုများအပေါ် ပြစ်တင်ရှုတ်ချခဲ့သည်။

**US presidential hopeful calls for end to Ukraine aid ကို ဘာသာပြန်ဆိုထားပါသည်။**

## ဖင်လန်က Saab ကုမ္ပဏီထံ NLAW Anti-Tank Systems အမေရိကန်ဒေါ်လာ ၃၈ သန်းဖိုးမှာယူ



ဖင်လန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၃၈ သန်းတန်ဖိုးရှိ NLAW Anti-Tank Weapons Systems မျိုးဆက်သစ် အပေါ့စား တင့်ဖျက်ဒုံးလက်နက်စနစ်များအတွက် Saab ကုမ္ပဏီထံ မှာကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၂၆ ရက်ထုတ် Defense Post တွင် ဖော်ပြထားသည်။

ဆွီဒင်နိုင်ငံသည် ဆွီဒင်နှင့် ဗြိတိန်နိုင်ငံတို့အပါအဝင် Saab ကုမ္ပဏီနှင့် မူဘောင်အရ သဘောတူညီချက်ဖြင့် ဒုံးကျည်စနစ်ကို မှာယူခဲ့ခြင်းလည်းဖြစ်သည်။ လွှဲပြောင်းပေးပို့မှုကို ၂၀၂၄ ခုနှစ်တွင် စတင်နိုင်လိမ့်မည်ဟု မျှော်မှန်းထားသည်။

ဝယ်ယူရေးဆောင်ရွက်မှုကို ကာကွယ်ရေးပစ္စည်း အမြန်ဝယ်ယူမှုများအတွက် ထပ်ဆောင်းရန်ပုံငွေပါဝင်သည့် ဖြည့်စွက်သဘောတူညီထားသောဘတ်ဂျက်မှတစ်ဆင့် ငွေကြေးပံ့ပိုးလုပ်ဆောင်မည်ဖြစ်သည်။

ပခုံးထမ်းတင့်ဖျက်ဒုံးကျည်စနစ်သည် တင့်ကားကို အပေါ်စီးမှနေ၍ တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါတင့်ဖျက်လက်နက်စနစ်သည် မီတာ ၂၀ မှ မီတာ ၈၀၀ ကြားအကွာအဝေးတွင် အကြီးစားကာကွယ်ရေးစနစ်များ ပါဝင်သော ပင်မတိုက်ပွဲဝင်တင့်ကားများကို တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိကြောင်း ဆွီဒင်ကာကွယ်ရေးကုမ္ပဏီ Saab က အခိုင်အမာ ပြောကြားခဲ့သည်။

ဖင်လန်နိုင်ငံ ကာကွယ်ရေးတပ်ဖွဲ့များနှင့် ကျွန်ုပ်တို့ကုမ္ပဏီ၏ရှည်လျားပြီး ရင်းနှီးသောဆက်ဆံရေးကို ကျွန်ုပ်တို့အလွန်တန်ဖိုးထားသည်။ တပ်ဖွဲ့ဝင်များကယုံကြည်၍ လူသိများသည့်ကျွန်တော်တို့၏တိုက်ပွဲဝင် သက်သေပြထားနိုင်သည့် NLAW တင့်ကားဖျက် ဒုံးလက်နက်စနစ်နှင့် ဖင်လန်စစ်ဘက်၏ တင့်ကားဖျက်စွမ်းရည်ကို ပံ့ပိုးပေးခွင့်ရသည့်အတွက် ဂုဏ်ယူမိပါကြောင်း Saab မှ Gorgen Johansson က ပြောကြားသွားခဲ့သည်။

ဖင်လန်နိုင်ငံသည် ၎င်း၏တင့်ကားဖျက်စွမ်းရည်များကို မြှင့်တင်ရန်အတွက် မကြာသေးမီကဝယ်ယူမှုများ အရှိန်အဟုန်ဖြင့်ပြုလုပ်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်ဒေါ်လာ ၂၃၆ သန်းတန်ဖိုးရှိ Rafael Spike တင့်ကားဖျက်ဒုံးကျည်များနှင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ ၅၆ သန်းတန်ဖိုးရှိ M72၊ MK2 အဆင့်မြှင့်တင်နိုင်သော အပေါ့စားတင့်ကားဖျက်လက်နက်များ ထပ်မံမှာယူခဲ့သည်။

ဖင်လန်နိုင်ငံတွင်း ကာကွယ်ရေးကုမ္ပဏီ Nammo Lapua သည် M72 တင့်ဖျက်လက်နက်များကို ထုတ်လုပ်နိုင်စွမ်းရှိသည်။ ထို့ပြင် အမေရိကန်နိုင်ငံသည် Stinger ပခုံးထမ်းဒုံးလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များ၊ AIM 9X Block II နည်းဗျူဟာမြောက် ဒုံးကျည်များနှင့် AGM-154 Joint Stand Off Weapons ဒုံးကျည်များကို ဖင်လန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၃၈၀ နှင့် ၃၂၃ သန်းတို့ဖြင့် အသီးသီးရောင်းချပေးရန် သဘောတူခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

**Finland Orders NLAW Anti-Tank Systems for $38 Million ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး ကယ်ဘက်လေဝင်ပါဝင်မည်မဟုတ်ဟုဆို

**လန်ဒန် ဖေဖော်ဝါရီ ၂၈**

ပရီးမီးယားလိဂ် ပွဲကျန်အဖြစ် မတ် ၂ ရက်တွင် ကစားရမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ဒဏ်ရာပြဿနာ ရှိနေသည့် တိုက်စစ်မှူး ကယ်ဘက်လေဝင် ပါဝင်နိုင်မည် မဟုတ်ကြောင်း အဲဗာတန်အသင်းက ထုတ်ပြန်ခဲ့သည်ဟု Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး ကယ်ဘက်လေဝင်သည် ဖေဖော်ဝါရီ ၄ ရက်က ဂူဒီဆင်ပတ်တွင် ကစားခဲ့သည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ရာ ပွဲကစားချိန် ၆၂ မိနစ်အရောက်တွင် ဒဏ်ရာကြောင့် လူစားလဲ ထွက်ခွာခဲ့ရပြီးနောက် လီဗာပူးအသင်း၊ လိဒ်အသင်း၊ အေဗီလာအသင်းတို့နှင့် ကစားခဲ့သည့် အမှတ်ပေးပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် လာမည့် အာဆင်နယ်အသင်းနှင့်ပွဲစဉ်ကိုလည်း ကြံ့ခိုင်မှုမပြည့်ဝသေးသည့်အတွက် ပါဝင်နိုင်မည်မဟုတ်ကြောင်း နည်းပြဒိုက်ချီက ပြောကြားခဲ့သည်။

နည်းပြဒိုက်ချီက "ကယ်ဘက်လေဝင်ဟာ ဖေဖော်ဝါရီ ၄ ရက်က ကစားခဲ့တဲ့ အာဆင်နယ်နဲ့ပွဲမှာ ရရှိခဲ့တဲ့ဒဏ်ရာကြောင့် အနားယူနေရပါတယ်။ ဒါကြောင့် ကြားရက်မှာကစားမဲ့ အာဆင်နယ်နဲ့ပွဲစဉ်ကိုလဲ ကြံ့ခိုင်မှုအားနည်းချက်ကြောင့် ပါဝင်နိုင်မှာမဟုတ်ပါဘူး။ အသင်းအနေနဲ့ ကယ်ဘက်လေဝင်ကို မြက်ခင်းစိမ်းပေါ်မှာ အမြန်ဆုံးမြင်တွေ့ချင်နေပါပြီ။ ဒဏ်ရာပြဿနာတွေက ရှန်းထွက်ပြီးအမြန်ဆုံး ပြန်ကောင်းလာလို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး ကယ်ဘက်လေဝင်သည် ၂၀၁၆ ခုနှစ်က ရှက်ဖီးလ် (U) အသင်းမှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပွဲဦးထွက်ဘောလုံးရာသီတွင် ပုံမှန်ပွဲကစားခွင့်ရရှိရန် ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အဓိကကစားသမားအဖြစ်ပါဝင်ခွင့်ရရှိခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီမှစ၍ ဒဏ်ရာပြဿနာကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ၁၇ ပွဲသာ ပါဝင်နိုင်ခဲ့သည့်အပြင် ယခုနှစ် ဘောလုံးရာသီတွင်လည်း ဒဏ်ရာမကြာခဏရရှိနေသောကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၁ ပွဲသာ ပါဝင်နိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။ ML



### အားကစားသတင်း အတိုအထွာများ

- မိုနာကိုအသင်းက ကွင်းလယ်ကစားသမား ဂိုလိုဗင်ကို လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- စပါးအသင်းက လာမည့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဒိုင်ယာကို စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးနေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက ရိုးမားအသင်းသို့ ရောင်းချထားသည့် တိုက်စစ်မှူး အေဘရာဟမ်ကို ပြန်လည်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ML

# ၂၀၂၂ ဖီဖာတစ်နှစ်တာအကောင်းဆုံးဆုများကို မက်ဆီ၊ မာတီနက်ဇ်နှင့် နည်းပြစကာလိုနီတို့ ဆွတ်ခူး



**ပဲရစ် ဖေဖော်ဝါရီ ၂၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၂ ဖီဖာ တစ်နှစ်တာအကောင်းဆုံး ဆုပေးပွဲ အခမ်းအနားတွင် တစ်နှစ်တာ အကောင်းဆုံးဆုများကို အာဂျင်တီးနားအသင်းအား ကမ္ဘာ့ဖလား ရယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး မက်ဆီ၊ ဂိုးသမားမာတီနက်ဇ်နှင့် နည်းပြ စကာလိုနီတို့က ဆွတ်ခူးခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဖီဖာ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် တိုက်စစ်မှူး ဘင်ဇီမားနှင့်တိုက်စစ်မှူးအမ်ဘက်ပီတို့ကို ကျော်ဖြတ်၍လည်းကောင်း၊ ဂိုးသမားမာတီနက်ဇ်အနေဖြင့် ဖီဖာ တစ်နှစ်တာအကောင်းဆုံး ဂိုးသမားဆုအတွက် ဂိုးသမား ကော့တွိုက်နှင့် ဂိုးသမား ဘိုနိုတို့ကို ကျော်ဖြတ်၍လည်းကောင်း၊ နည်းပြစကာလိုနီက တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုအတွက် နည်းပြ ဂွါဒီယိုလာ၊ နည်းပြ အန်ဆယ်လော့တီတို့ကို ကျော်ဖြတ်၍လည်းကောင်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကို ဘာစီလိုနာအသင်း တိုက်စစ်မှူး ပူတဲလက်စ်ကလည်းကောင်း၊ အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံး နည်းပြဆုကိုအင်္ဂလန်အသင်းနည်းပြ ဝိုင်ဂမန်းကလည်းကောင်း၊ အမျိုးသမီး တစ်နှစ်တာ အကောင်းဆုံး ဂိုးသမားဆုကို မန်ယူအသင်းကစားသမား မေရီအက်ပ်ကလည်းကောင်း ဆွတ်ခူးခဲ့ပြီး FIFA Fan Award ဆုကို အာဂျင်တီးနားအသင်း ပရိသတ်များကလည်းကောင်းဆွတ်ခူးခဲ့သည်။

ထို့ပြင် အသန့်ရှင်းဆုံး ကစားသမားဆုကို ဩစတြီးယားကလပ် ဝုဗ်ဘာကာအသင်းနှင့် ကစားခဲ့စဉ်က ပြိုင်ဘက်ဗီယင်နာအသင်း ကစားသမား ဂျော့တီဂီသည် ကွင်းအတွင်း မတော်မဆထိခိုက်မှုကြောင့် သတိမေ့နေစဉ် အသက်ဘေးမှ လွတ်မြောက်အောင် ကယ်တင်ပေးနိုင်ခဲ့သည့် ဝုဗ်ဘာကာ ခံစစ်ကစားသမား လူကာလိုချီရှက်ဗီလီကဆွတ်ခူးခဲ့သည်။ ML

# ချင်းတိုင်းရင်းသား ဂျိုရှုအာဗန်က UFC ပြိုင်ပွဲတွင် ဝင်ရောက်ထိုးသတ်မည့် ပထမဆုံးမြန်မာနိုင်ငံသားဖိုက်တာဖြစ်လာမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ချင်းလူမျိုး ဖိုက်တာတစ်ဦးဖြစ်သည့် ဂျိုရှုအာဗန်သည် အမေရိကန်နိုင်ငံအခြေစိုက် UFC ကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် UFC ပြိုင်ပွဲ တွင် ပထမဆုံးထိုးသတ်ခွင့်ရရှိမည့် မြန်မာနိုင်ငံသား ဖိုက်တာတစ်ဦး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ဂျိုရှုအာဗန်သည် ဖိုက်တာလောကကို AFC Fury Fighting Championshipနှင့်စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် Fury ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခဲ့ပြီး အကောင်းဆုံးစွမ်းဆောင်ရည်များ ပြသနိုင်ခဲ့သည့်အတွက် UFC က ခေါ်ယူ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

UFC သည် ဘက်စုံကိုယ်ခံပညာသုံးပြိုင်ပွဲများကို ကျင်းပပေးသည့် ထိပ်တန်းအဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းဖိုက်တာများဖြစ်ကြသည့် မက်ဂရီဂေါနှင့် ရှရား ဖိုက်တာခါဘစ်အစရှိသည့် ကစားသမားများ ဝင်ရောက်ထိုးသတ်နေသည့်ပြိုင်ပွဲတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ဝန်း ပရိသတ်အားပေးမှုအများအပြားရရှိထားသည့် ပြိုင်ပွဲတစ်ခုဖြစ်သည်။

ဂျိုရှုအာဗန်သည် Fury ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်စဉ်က ဖလိုင်းဝိတ်တန်းပြိုင်ပွဲတွင် ထိုးသတ်ခဲ့ပြီး ရှစ်ပွဲထိုးသတ်ခဲ့ရာတွင် ခုနစ်ပွဲထိ အနိုင်ရရှိခဲ့ပြီး တစ်ပွဲသာ ရှုံးနိမ့်ခဲ့သည်။

၎င်းသည် လက်ရှိတွင် UFC ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့သည့်အတွက် မကြာမီ UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်မည်ဖြစ်ပြီး UFC ပြိုင်ပွဲများ ထိုးသတ်ခွင့်ရရှိသည့် ပထမဆုံး မြန်မာနိုင်ငံသား ကစားသမား တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆုကို ပထမဆုံးရရှိခဲ့သည့် မသန်စွမ်းကစားသမားအဖြစ် အိုလက်ဆီ မှတ်တမ်းဝင်

**ဝါဆော ဖေဖော်ဝါရီ ၂၈**

ပိုလန်နိုင်ငံသား မသန်စွမ်းဘောလုံးကစားသမား အိုလက်ဆီသည် ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆု (FIFA Puskas Award) ဆုကို ရရှိခဲ့သည့် ပထမဆုံးမသန်စွမ်းအားကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆု (FIFA Puskas Award) သမိုင်းတစ်လျှောက်တွင် နှစ်စဉ်ကိုယ်အင်္ဂါစုံလင်သည့် ကစားသမားများက ဆွတ်ခူးနိုင်ခဲ့ကြသော်လည်း ယခုနှစ်တွင် ထူးခြားချက်အနေဖြင့် ခြေတစ်ဖက်သာရှိသည့် မသန်စွမ်းကစားသမားအိုလက်ဆီက ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အိုလက်ဆီသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလက ပိုလန်ပထမတန်းမသန်စွမ်းဘောလုံးပွဲစဉ်တစ်ပွဲတွင် အသင်းဖော်၏ဖြတ်တင်ပေးပို့မှုကို ၎င်း၏ ချိုင်းထောက်အား ချိန်သားကိုက်ထောက်ပြီး တစ်ဖက်တည်းရှိသည့် ညာခြေထောက်ဖြင့် လေပေါ်တွင်ပင် ဂိုးကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

အိုလက်ဆီ သွင်းယူခဲ့သည့် သွင်းဂိုးဗီဒီယိုဖိုင် အွန်လိုင်းပေါ်တွင်ပျံ့နှံ့လာခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ ဘောလုံးပရိသတ်များ၏ အားပေးမှုအများအပြား ရရှိခဲ့ပြီးနောက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း အဆိုပါသွင်းဂိုးကို သေချာစစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် လှပသည့် သွင်းဂိုးဖြစ်သည့်အတွက် ၂၀၂၂ ကမ္ဘာ့အကောင်းဆုံးသွင်းဂိုးဆု (FIFA Puskas Award) အတွက် ဆန်ခါတင်စာရင်းတွင် ထည့်သွင်းခဲ့ခြင်း ဖြစ်သည်။

အိုလက်ဆီသည် ကမ္ဘာ့အကောင်းဆုံး သွင်းဂိုးဆု(FIFA Puskas Award) အတွက် ဆန်ခါတင်သွင်းဂိုးစာရင်းတွင် မာဆေးအသင်းမှ ဒီမီထရီပါယက်စ်နှင့် ဘရာဇီးအသင်းမှ ရစ်ချာလီဆန်တို့၏သွင်းဂိုးများကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA



# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂)တွင် ဂျီအက်ဖ်အေနှင့်မဟာယူနိုက်တက်အသင်းတို့ နိုင်ပွဲရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၂) ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျီအက်ဖ်အေအသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ပြိုင်ဘက်များကို နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကစားခဲ့သည့် ဂျီအက်ဖ်အေအသင်းနှင့် ရတနာပုံ အက်ဖ်စီအသင်းတို့ ပွဲစဉ်တွင် အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၅ မိနစ်တွင် ဘာဘာထွန်းဒီကလည်းကောင်း၊ ပွဲချိန် မိနစ် ၄၀ တွင် သန်းတိုးအောင်က လည်းကောင်း ဂျီအက်ဖ်အေ အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဂျီအက်ဖ်အေ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်းတွင် ရတနာပုံအက်ဖ်စီအသင်းက ချေပဂိုးနှင့် ဦးဆောင်ဂိုးများအတွက် ပိုမို တိုက်စစ်ဆင်ဖိအားပေးမှုများ ပြုလုပ်ခဲ့ပြီး ဂျီအက်ဖ်အေသင်းက ခံစစ်ပိုင်းကို အကောင်းဆုံး အားပြုကစားခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ တွင် ပင်နယ်တီမှတစ်ဆင့် စွမ်းထက်က ရတနာပုံအက်ဖ်စီ အသင်းအတွက် ချေပဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ဂျီအက်ဖ်အေအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ YUSC အားကစားကွင်းတွင်ကစားခဲ့သည့် မဟာယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ရာ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သော်လည်းအချိန်ပို ၉၁ မိနစ်နှင့် ၉၄ မိနစ်တို့တွင် သက်နိုင်က မဟာယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သောကြောင့် ပွဲစဉ်အပြီးတွင် မဟာယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# WBO က လက်ရှိချန်ပီယံ ခရောဖို့ဒ်ကို အလက်ဆစ်ရိုချာဖြင့် ထိုးသတ်ရန် ညွှန်ကြား

**ဆန်ဂျူအန် ဖေဖော်ဝါရီ ၂၈**

ပွာတိုရီကိုနိုင်ငံတွင် အခြေစိုက်သည့် WBO အဖွဲ့ချုပ်က WBO ဝယ်လ်တာဝိတ်တန်းချန်ပီယံ ခရောဖို့ဒ်အားအလက်ဆစ်ရိုချာဖြင့် ထိုးသတ်သွားရန် ညွှန်ကြားလိုက်ကြောင်း Boxing247 က ယနေ့တွင် ဖော်ပြခဲ့သည်။


ချန်ပီယံအား စိန်ခေါ်ခွင့်ရရှိထားသည့် အမေရိကန်လက်ဝှေ့သမား အလက်ဆစ်ရိုချာနှင့် ထိုးသတ်သွားရန် ဆွေးနွေးညှိနှိုင်းမှုအား ရက် ၂၀ အတွင်း ပြုလုပ်သွားရန် ခရောဖို့ဒ်အား ညွှန်ကြားထားကြောင်းလည်း WBO က ထုတ်ပြန်ခဲ့သည်။

ခရောဖို့ဒ်သည် လက်ဝှေ့လောကသို့ ဝင်ရောက်လာပြီးနောက်ပိုင်း ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး အလက်ဆစ်ရိုချာက စိန်ခေါ်ပွဲပေါင်း ၂၃ ပွဲ ထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ခရောဖို့ဒ်သည်WBO ဖယ်လ်တာဝိတ်တန်း ချန်ပီယံခါးပတ်အား ၂၀၁၈ ခုနှစ်မှစတင်၍ ဆွတ်ခူးထားသူဖြစ်ပြီး လက်ရှိချန်ပီယံဆုကိုလည်း ခြောက်ကြိမ်တိုင်တိုင် အောင်မြင်စွာထိုးသတ်နိုင်ခဲ့သည်။

ခရောဖို့ဒ်က "လက်ရှိချန်ပီယံဆုကို ကာကွယ်သွားဖို့အတွက် WBO က ကျွန်တော့်ကို ညွှန်ကြားလာတယ်။ ဆွေးနွေးချိန်ကိုလဲ ရက်ပေါင်း ၂၀ ပဲပေးထားတယ်။ နည်းနည်းတော့ လုပ်ရကိုင်ရခက်တယ်။ ညွှန်ကြားတဲ့အတိုင်းအဆင်ပြေအောင်တော့ လုပ်မှာပါ။ သတ်မှတ်ရက်အတွင်း အောင်မြင်အောင် ဆွေးနွေးညှိနှိုင်းသွားမှာပါ။ လက်ရှိ ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့အတွက်လဲ အကောင်းဆုံးပြင်ဆင်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# Dubai Tennis Championships တွင် ရူဘလက်ဖ်နှင့်အလက်ဇန္ဒားဇီရက်ဖ်တို့ နိုင်ပွဲရရှိ

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၈**

ဒူဘိုင်းတွင် ကျင်းပနေသည့် Dubai Tennis Championships တင်းနစ်ပြိုင်ပွဲပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားရူဘလက်ဖ်နှင့်ဆားဘီးယားတင်းနစ်ကစားသမား ကာရာဂျီနိုဗစ်တို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ရူဘလက်ဖ်က (၇-၅၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ရူဘလက်ဖ်သည် လက်ရှိ ချန်ပီယံတစ်ဦးဖြစ်ပြီး ကာရာဂျီနိုဗစ်နှင့် ပထမပွဲငယ်တွင် Tie-break ထိ ယှဉ်ပြိုင်ကစားခဲ့ရသော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

အခြားသောပထမအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဂျာမနီတင်းနစ်ကစားသမား အလက်ဇန္ဒားဇီရက်ဖ်က ချက်တင်းနစ်ကစားသမား လီဟက်ကာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး အလက်ဇန္ဒားဇီရက်ဖ်က (၄-၆၊ ၆-၃၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အလက်ဇန္ဒားဇီရက်ဖ်က ကွင်းပြင်ပတွင် ပုဂ္ဂိုလ်ရေးပြဿနာများဖြင့် မကြာခဏရင်ဆိုင်နေရပြီး အမှုရင်ဆိုင်ရမှုများလည်း ရှိနေသောကြောင့် လေ့ကျင့်မှုအပိုင်းကို အပြည့်အဝအာရုံစိုက်နိုင်ခဲ့ခြင်း မရှိသောကြောင့် ပုံမှန်လက်စွမ်းရရှိရန် ရုန်းကန်ခဲ့ရသည်။

အလက်ဇန္ဒားဇီရက်ဖ်က လီဟက်ကာကို ပထမပွဲငယ်တစ်ပွဲ၌သာ ရှုံးနိမ့်ခဲ့ရပြီး ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့် ရလဒ်များဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အလက်ဇန္ဒား ဇီရက်ဖ်က "လီဟက်ကာနဲ့ ကစားခဲ့တဲ့ပွဲစဉ်ဟာ ကျွန်တော့်အတွက် အရေးကြီးတဲ့ ပွဲစဉ်တစ်ပွဲပါ။ လမ်းကြောင်းမှန်ပေါ် ပြန်ရောက်ဖို့အတွက် နိုင်ပွဲရဖို့ လိုအပ်နေတယ်။ ဒါကြောင့် သေချာအာရုံစိုက်ပြီးယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်အတွက် အရေးကြီးတဲ့ နိုင်ပွဲလိုအပ်ချိန်မှာ နိုင်ပွဲတစ်ပွဲရှာဖွေနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ဘက်တစ်ကွင်းလယ်ကစားသမား ဖက်ကီယာ ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်

**ပဲရစ် ဖေဖော်ဝါရီ ၂၈**

ကွင်းလယ် ကစားသမား ဖက်ကီယာသည် အယ်ချီအသင်းနှင့် ပွဲစဉ်တွင် ရရှိခဲ့သည့် ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်သောကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း ဘက်တစ်အသင်းက တရားဝင်ပြောကြားခဲ့ကြောင်း yahoo.sports.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖက်ကီယာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၅ ရက်က ကစားခဲ့သည့် အယ်ချီအသင်းနှင့်အမှတ်ပေးပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ်ပါဝင်ကာ ပွဲချိန်ပြည့်ကစားပေးခဲ့ပြီး အသင်းအား သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ပွဲအပြီးတွင် ဒူးဒဏ်ရာနာကျင်မှုဝေဒနာကြောင့် စကန်ဖတ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဒူးအရွတ်စုတ်ပြဲခဲ့သဖြင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း ဘက်တစ်အသင်းက အတည်ပြုပြောကြားခဲ့သည်။

ဘက်တစ်အသင်း နည်းပြက "ဖက်ကီယာဟာ အယ်ချီနဲ့ပွဲကို ပွဲချိန်ပြည့်ပါဝင်ပြီး အနိုင်ရလဒ် ယူနိုင်ခဲ့ပေမဲ့ ပွဲပြီးချိန်မှာ သူ့ရဲ့ ဒူးဒဏ်ရာက နာကျင်မှုဝေဒနာ ခံစားခဲ့ရတာပါ။ အဲဒီနောက် အသင်းဆေးအဖွဲ့က စစ်ဆေးမှုတွေ ပြုလုပ်ချိန်မှာ သူ့ရဲ့ ဘယ်ဘက်ဒူး အရွတ်ဒဏ်ရာက ခွဲစိတ်ကုသမှု ခံယူရမယ်လို့ဆိုပါတယ်။ လာမဲ့ ရက်ပိုင်းအတွင်းမှာ သူ့ရဲ့ဒဏ်ရာကို ခွဲစိတ်ကုသမှု ပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

အသက် ၂၉ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ၂၀၁၉ ခုနှစ်က လိုင်ယွန်အသင်းမှ ဘက်တစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းတွင် အဓိက ကစားသမားအဖြစ်ခြေစွမ်းပြသနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်ကို ပါဒယ်ရေးဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းကို အမှတ်ပေးပြိုင်ပွဲ၌ အဆင့် (၅)နေရာထိပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

# ၂၀၂၄ အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲပထမအဆင့်ခြေစစ်ပွဲအတွက် အပြီးသတ်ကစားသမားစာရင်းထုတ်ပြန်

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းနည်းပြ ဒေါ်စန်းစန်းသိန်းက ၂၀၂၄ အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်း၏ အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းကို အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ့လက်ရွေးစင်ယူ- ၂၀ အမျိုးသမီးအသင်းသည် လာမည့် မတ် ၈ ရက်မှ ၁၂ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အုပ်စု (G) ၌ အာဆီယံဒေသတွင်း ပြိုင်ဘက်အသင်းများ ဖြစ်သည့် အိမ်ရှင် ကမ္ဘောဒီးယားအသင်း၊ မလေးရှားအသင်းတို့နှင့် အတူတစ်အုပ်စုတည်း ကျရောက်လျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင်ယူ- ၂၀ အမျိုးသမီးအသင်းသည် ၂၀၂၄ အာရှအမျိုးသမီးယူ- ၂၀ ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲအတွက် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကတည်းက မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်း၊ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲဝင်အသင်း၊ အားကစားနှင့်ကာယပညာသိပ္ပံမှ ကစားသမားများ အပြင်တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှ ကစားသမားများဖြင့် ပဏာမကစားသမား ၃၈ ဦးဖြင့် စတင်စုဖွဲ့ကာ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီးနောက် ယခုအခါအပြီးသတ်ကစားသမားစာရင်း ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်ယူ- ၂၀ အမျိုးသမီးအသင်း အပြီးသတ်ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် မေဦးခင်၊ ဖီးဖေနှင့် သူဇာအောင်၊ ခံစစ်ကစားသမားနေရာတွင် ဖြူဖွေး၊ ယုယုနိုင်၊ ခင်ဌေးကြိုင်၊ ဒီဇင်ဘာနှင်း၊ ကြယ်စင်၊ ဖြူဖြူဝင်း၊ ဝေဖူးအိမ်၊ ကွင်းလယ်ကစားသမားနေရာတွင် ဒေစီအောင်၊ နန်းချိုမွှေး၊ နှင်းပွင့်အေး၊ ဟေမာန်စိုး၊ ဇခါရီစီ၊ ကေသွယ်ဖြိုးဦး၊ ဝေဟင်ဖြိုး၊ စန္ဒာလင်း၊ မေသက်မွန်မြင့်၊ တိုက်စစ်ကစားသမားများအဖြစ် ဇင်မိုးပြည့်၊ ယုယနိုင်၊ ယဉ်လွန်းအိမ်နှင့် ယွန်းဝတီလှိုင်တို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်ယူ- ၂၀ အမျိုးသမီးအသင်းသည် ၂၀၂၄ အာရှအမျိုးသမီးယူ-၂၀ပြိုင်ပွဲပထမအဆင့် ခြေစစ်ပွဲအုပ်စုပွဲစဉ်များအဖြစ် မတ် ၈ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကမ္ဘောဒီးယားအသင်းနှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

STA

# ရွေးကောက်ပွဲအတွက် မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM)

**နိဒါန်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် အီလက်ထရွန်နစ်မဲပေးစက် (Electronic Voting Machine - EVM) ကိုအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ရာ လွှတ်တော်မဲဆန္ဒနယ်များရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲလက်မှတ်အသုံးပြုရန်မလိုဘဲ မဲပေးနိုင်တော့မည်ဖြစ်သည်။

အဆိုပါအီလက်ထရွန်နစ် မဲပေးစက်ကို မြန်မာအီလက်ထရွန်နစ်မဲပေးစက် (Myanmar Electronic Voting Machine - MEVM)ဟု ခေါ်တွင်သွားမည်ဖြစ်ပြီး ပြည်တွင်းရှိ ကျွမ်းကျင်နည်းပညာရှင်များဖြင့် တီထွင်ထားခြင်းဖြစ်သည်။ အာဂျင်တီးနား၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ ဗင်နီဇွဲလားကဲ့သို့သောနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း (၃၄) နိုင်ငံတို့တွင် မဲပေးစက် (EVMs) များ အပါအဝင် E-voting စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိကြသည်။ အဆိုပါ ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုလျက်ရှိသော အီလက်ထရွန်နစ်မဲပေးစက်များကိုလေ့လာ၍ မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူလူထုတို့၏ စာတတ်မြောက်မှုနှုန်း၊ နားလည်နိုင်မှုအခြေအနေတို့နှင့် အကိုက်ညီဆုံးဖြစ်သောဒီဇိုင်းကို တီထွင်ထားခြင်းဖြစ်သည်။

**အီလက်ထရွန်နစ်နည်းပညာဖြင့် မဲပေးခြင်းစနစ်များ**

ကမ္ဘာ့နိုင်ငံများတွင် အီလက်ထရွန်နစ်နည်းပညာအသုံးပြု၍ မဲပေးခြင်းများ၌ အသုံးအများဆုံး အမျိုးအစား (၄) မျိုးရှိပြီး ယင်းတို့မှာ -

(က) **တိုက်ရိုက်မှတ်တမ်းတင်အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Direct Recording Electronic System - DRE)**။ မဲဆန္ဒရှင်တစ်ဦးကို ကီးဘုတ် (Keyboard)၊ ထိတွေ့မျက်နှာပြင် (Touch Screen)၊ မောက်စ် (Mouse)၊ ဘောပင် သို့မဟုတ် အခြားအီလက်ထရွန်နစ်စက်ပစ္စည်းများကို အသုံးပြု၍ မဲပေးခြင်းစနစ်ဖြစ်ပြီး စက်ထဲတွင်မဲပေးမှုဆိုင်ရာ အီလက်ထရွန်နစ်မှတ်တမ်းကို သိမ်းဆည်းထားသည်။ DRE စက်များကို မဲပေးချက်မှန်၊ မမှန်အတည်ပြုစက် (Voter-Verified Paper Audit Trail - VVPAT) ဖြင့် တွဲဖက်ခြင်း သို့မဟုတ် တွဲဖက်ခြင်းမပြုလုပ်ဘဲ အသုံးပြုနိုင်ပြီး မဲဆန္ဒရှင်ရွေးချယ်လိုက်သည့် ဆန္ဒမဲများအတွက် VVPAT များက မဲပေးခြင်းဆိုင်ရာ အထောက်အထားအဖြစ် စက္ကူစလစ်ဖြတ်ပိုင်းများကို ပရင့်ထုတ်ပေးခြင်းဖြစ်သည်။ အိန္ဒိယ၊ ဘူတန်၊ အီရန်၊ ရိုမေးနီးယား၊ ဘရာဇီး၊ ပီရူး၊ ဗင်နီဇွဲလား၊ နာမီဗီးယား၊ ဘူလ်ဂေးရီးယား၊ အယ်လ်ဘေးနီးယား စသည့်နိုင်ငံတို့တွင် အသုံးပြုလျက်ရှိသောစနစ်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အသုံးပြုလျက်ရှိသောစနစ်ဖြစ်သည်။

(ခ) **အီလက်ထရွန်နစ်မဲလက်မှတ်ထုတ်ပရင်တာ (Electronic Ballot Printers - EBPs)**။ DRE စက်နှင့်ဆင်တူ၍ စက်မှသိရှိနားလည်နိုင်သော မဲလက်မှတ်ကို ပရင့်ထုတ်ပေးသည်။ အဆိုပါလက်မှတ်ကို အလိုအလျောက် မဲရေတွက်ပေးသည့် သီးခြားမဲလက်မှတ်ဖတ်စကင်နာစက် (Ballot Scanner) အတွင်းသို့ ထည့်သွင်းရေတွက်ပြီးမဲပုံးထဲသို့ ရောက်ရှိသွားသည့်စနစ်ဖြစ်သည်။ မဲလက်မှတ်ထုတ် ပရင်တာသည် မဲဆန္ဒရှင်များ၏ရွေးချယ်မှုကိုသာ အမှတ်အသားပြုပြီး မဲများကိုမှတ်တမ်းတင်ထားခြင်းမရှိပါ။ မဲလက်မှတ်ဖတ်စကင်နာစက် (Ballot Scanner) သည် မဲပေးချက်နှင့် စုစုပေါင်းမဲအရေအတွက်များကို မှတ်တမ်းတင်ထားသည်။ အာဂျင်တီးနား၊ ကွန်ဂိုစသည့် နိုင်ငံတို့တွင် အသုံးပြုလျက်ရှိသောစနစ်ဖြစ်သည်။

(ဂ) **အလင်းဖြင့်မှတ်တမ်းတင်စနစ်** (Optical Mark Recognition-OMR)။ အထူးပြုလုပ်ထားသည့် မဲလက်မှတ်အပေါ်တွင် မဲပေးသူ၏ရွေးချယ်မှုကို မှတ်မိဖတ်ရနိုင်သော စကင်ဖတ်စစ်ဆေးသောစနစ် (OMR systems) တပ်ဆင်ထားသည့်စက်ဖြစ်ပြီး စာရွက်ဖြင့် မဲပေးခြင်းကို အီလက်ထရွန်နစ်ရေတွက်ခြင်းစနစ်ဖြင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။ မဲဆန္ဒရှင်သည် အဆိုပါစက်မှဖတ်ရှုနားလည်နိုင်သော မဲစာရွက်ပေါ်တွင် ရွေးချယ်အမှတ်အသားပြုလုပ်ရန် ဘောပင် သို့မဟုတ် ခဲတံကိုအသုံးပြုရသည်။ ထို့နောက် မဲဆန္ဒရှင်က ရွေးချယ်ထားသော အမှတ်အသားများပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို OMR စက်က ဖတ်ရှုမှတ်သား၍ အလိုအလျောက်ရလဒ်များတွက်ချက်ပေးခြင်းပြုလုပ်သောစနစ်ဖြစ်ပါသည်။ အီရတ်၊ ကာဂျစ်စတန်၊ ရုရှား စသည့်နိုင်ငံတို့တွင် အသုံးပြုလျက်ရှိသောစနစ်ဖြစ်သည်။


(ဃ) **အင်တာနက်မဲပေးစနစ် (Internet Voting Systems)**။ မဲပေးသူသည် အင်တာနက်ချိတ်ဆက်ထားသော ကွန်ပျူတာကိုအသုံးပြု၍ မဲပေးရပြီး အင်တာနက်မှတစ်ဆင့် မဲရေတွက်သည့် ဗဟိုကွန်ပျူတာ ဆာဗာထံသို့ မဲများကိုလွှဲပြောင်းပေးသည့်စနစ်ပင်ဖြစ်သည်။ အင်တာနက်မဲပေးခြင်းသည် ယေဘုယျအားဖြင့် မဲဆန္ဒရှင်၏အိမ် သို့မဟုတ် အလုပ်ကဲ့သို့သော အင်တာနက်အသုံးပြုခွင့်ရှိသည့် မည်သည့်ကွန်ပျူတာမှမဆို ကြီးကြပ်မှုမရှိသော၊ ဝေးလံသောနေရာများတွင်ပါ အသုံးပြုနိုင်သည်။ ဩစတြေးလျ၊ အက်စတိုးနီးယား စသည့်နိုင်ငံတို့တွင် အသုံးပြုသောစနစ်ဖြစ်သည်။ အင်တာနက်မဲပေးခြင်းသည် ကွန်ပျူတာစနစ်အတွင်းသို့ ဟက်ကာ(Hacker) များဝင်ရောက်ခြင်း သို့မဟုတ် အချက်အလက်ပျက်စီးစေသည့် အခြားနည်းလမ်းများနှင့်ပတ်သက်သည့် လုံခြုံရေးဆိုင်ရာပြဿနာများ ရှိနိုင်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထက်ပါနည်းစနစ်များကို လေ့လာပြီးနောက် မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်ပြည်သူများနှင့်အကိုက်ညီဆုံးဖြစ်စေမည့် တိုက်ရိုက်မှတ်တမ်းတင် အီလက်ထရွန်နစ်မဲပေးခြင်းစနစ် (Direct Recording Electronic System - DRE)ကိုရွေးချယ်ကာ မဲပေးစက်တီထွင်နိုင်ရန် ပြည်တွင်းမှ အီလက်ထရွန်နစ် ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ဒီမိုကရေစီအစီရင်ခံစာ ၂၀၁၂ တွင် ဖော်ပြချက်အရ အီလက်ထရွန်နစ်နည်းလမ်းဖြင့် မဲပေးခြင်းကို နိုင်ငံပေါင်း (၃၄) နိုင်ငံ၌ ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရသည်။

**မြန်မာအီလက်ထရွန်နစ်မဲပေးစက်(MEVM) ဖွဲ့စည်းတည်ဆောက်ပုံ**

မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) ကို အစိတ်အပိုင်း (၃)ခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ယင်းတို့မှာ (၁) ဆန္ဒပြုစက် (Ballot Unit-BU)၊ (၂) ထိန်းချုပ်စက် (Control Unit -CU) နှင့် (၃) မဲပေးချက်ဖော်ပြသည့်စက် (Verification Unit -VU) တို့ဖြစ်သည်။

**ဆန္ဒပြုစက်**



ဆန္ဒပြုစက် (Ballot Unit-BU)

ဆန္ဒပြုစက်တွင် သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ပါဝင်ယှဉ်ပြိုင်ကြမည့် ပါတီ/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အမည်၊ တံဆိပ်တို့ကို အက္ခရာစဉ်အလိုက်စီ၍ အမှတ်စဉ်တပ်ကာ ကပ်နှိပ်ထားမည်ဖြစ်သည်။ ထိုသို့ကပ်နှိပ်ထားသည့် ပါတီ/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းတို့၏ အမည်၊ တံဆိပ်နှင့်တစ်တန်းတည်းတွင် ဆန္ဒပြုနိုင်မည့်ခလုတ်များ ပါဝင်မည်ဖြစ်သည်။

**ထိန်းချုပ်စက်**

ထိန်းချုပ်စက်တွင် မဲပေးခြင်းစတင်သည့် သို့မဟုတ် မဲပေးခြင်းကိုပိတ်သိမ်းသည့် ခလုတ် (On/ Off) ၊ မဲပေးပြီးသော မဲဆန္ဒရှင်အရေအတွက်ကို ဖော်ပြသည့်ခလုတ် (Total)၊ မဲပေးခြင်းကို ခွင့်ပြုပေးသည့် ခလုတ် (Ballot)၊ စမ်းသပ်မဲပေးချက်များကို





ထိန်းချုပ်စက်(Control Unit - Unit)

ဖယ်ရှားပေးသည့်ခလုတ် (Clear)၊ မဲရလဒ်များဖော်ပြသည့်ခလုတ် (Result) နှင့်မဲရလဒ်များကို ပရင့်ထုတ်နိုင်သည့်ခလုတ် (Print) များပါဝင်သည်။ ယင်းခလုတ်များအနက် စမ်းသပ်မဲပေးချက်များကို ဖယ်ရှားပေးသည့်ခလုတ် (Clear)၊ မဲရလဒ်များဖော်ပြသည့်ခလုတ် (Result) နှင့် မဲရလဒ်များကိုပရင့်ထုတ်နိုင်သည့် ခလုတ် (Print) များရှိသည့်အပိုင်းကို မဲပေးခြင်း မစတင်မီ အများရှေ့မှောက်၌ပင် လုံခြုံရေးကြိုးဖြင့် ပိတ်ထားမည်ဖြစ်သည်။ မဲပေးခြင်းစတင်သည့် သို့မဟုတ် မဲပေးခြင်းကိုပိတ်သိမ်းသည့်ခလုတ် (On/ Off)၊ မဲပေးပြီးသော မဲဆန္ဒရှင်အရေအတွက်ကိုဖော်ပြသည့်ခလုတ် (Total) နှင့် မဲပေးခြင်းကိုခွင့်ပြုပေးသည့် ခလုတ် (Ballot) တို့ကိုသာ မဲရုံဖွင့်နေချိန်၌ မဲရုံမှူး/မဲရုံအဖွဲ့ဝင်က ကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။ မဲရုံမဖွင့်မီ မဲရုံသို့ကြိုတင်ရောက်ရှိနေသည့် ပါတီ/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များက စမ်းသပ်မဲပေးခြင်းကို ဆောင်ရွက်နိုင်ပြီး ယင်းစမ်းသပ်မဲပေးထားချက်နှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲဖြတ်ပိုင်းများ၏ မဲပေးထားချက်များ၊ အရေအတွက်များ မှန်ကန်မှု ရှိ၊ မရှိ၊ ထိုသို့ ရေတွက်ထားသည့် စမ်းသပ်မဲပေးထားချက်များနှင့်စမ်းသပ်မဲပေးထားသည့်ရလဒ်များဖော်ပြသည့် စက္ကူဖြတ်ပိုင်း၏ဖော်ပြချက်များ ကိုက်ညီခြင်းရှိ၊ မရှိ စစ်ဆေးနိုင်မည်ဖြစ်သည်။ ဆက်လက်၍ အများရှေ့မှောက်တွင် အဆိုပါ စမ်းသပ်မဲပေးထားချက်များကို စက်အတွင်းနှင့် မဲပုံးအတွင်းရှင်းလင်းပြီးကြောင်း ပြသမည်ဖြစ်ပြီး ထိန်းချုပ်စက်ကို လုံခြုံရေးကြိုးဖြင့် ပိတ်မည်ဖြစ်သည်။

ထို့နောက် မဲပေးခြင်းစတင်သည့် ခလုတ်(On/ Off) ကိုနှိပ်ကာ မဲပေးခြင်းစတင်နိုင်ရန် ဆောင်ရွက်မည်ဖြစ်သည်။ ဆန္ဒပြုစက်ဖြင့်မဲဆန္ဒရှင်တစ်ဦးချင်းစီ မဲပေးနိုင်ရန်အတွက် မဲရုံမှူး/မဲရုံအဖွဲ့ဝင်သည် မဲပေးခြင်းကို ခွင့်ပြုပေးသည့်ခလုတ် (Ballot) ကိုနှိပ်ကာ ဆောင်ရွက်ပေးမည်ဖြစ်သည်။ မဲပေးခြင်းပြီးဆုံး၍ မဲရုံပိတ်ပြီးနောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ မဲပေးခြင်းပိတ်သိမ်းသည့်ခလုတ် (On/Off) ကိုနှိပ်မည်ဖြစ်သည်။ ထိုသို့ မဲပေးခြင်းပိတ်သိမ်းသည့်ခလုတ်ကိုနှိပ်ပြီးသည်နှင့် နောက်ထပ်မဲပေးခြင်းဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့နောက် မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် ထိန်းချုပ်စက်ရှိ လုံခြုံရေးကြိုးများကို ဖယ်ရှား၍ အတွင်းပိုင်းရှိ မဲရလဒ်ထုတ်ယူသည့်ခလုတ်ကိုနှိပ်ကာ မဲရလဒ်များကို ပရင့်ထုတ်၍ မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူတို့အား ပြသမည်ဖြစ်သည်။ မဲရုံကိုယ်စားလှယ်များအနေဖြင့်လည်း ယင်းရလဒ်များကို ကြည့်ရှုမှတ်သားနိုင်မည်ဖြစ်သည်။

**မဲပေးချက်ဖော်ပြသည့်စက်**

မဲပေးချက်ဖော်ပြသည့်စက်ကို မဲပုံးနှင့်ပရင်တာတို့ဖြင့် တွဲဆက်တည်ဆောက်ထားပြီး မဲဆန္ဒရှင်တစ်ဦးက ဆန္ဒပြုစက်ရှိ ခလုတ်နှိပ်၍ မဲပေးလိုက်သည်နှင့်တစ်ပြိုင်နက်တည်းတွင် ယင်းမဲဆန္ဒရှင်ဆန္ဒပြုလိုက်သည့် ပါတီ/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း၏အမှတ်စဉ်၊ အမည်၊ တံဆိပ်တို့ကို နှစ်လက်မအရွယ်အစားရှိသည့် စက္ကူဖြတ်ပိုင်းအနေဖြင့် သုံးစက္ကန့်ခန့် ထုတ်ဖော်ပြသပေး




မဲပေးချက်ဖော်ပြသည့်စက်
(Verification Unit - VU)

မည်ဖြစ်သည်။ ယင်းနောက်တွင် အဆိုပါ ဆန္ဒမဲစက္ကူဖြတ်ပိုင်းသည် အောက်ဘက်ရှိ မဲပုံးအတွင်းသို့ အလိုအလျောက်ကျဆင်းသွားမည်ဖြစ်သည်။ မဲပုံးနှင့် ပရင်တာကို လုံခြုံရေးကြိုးဖြင့်ချည်နှောင်၍ ပိတ်ထားမည်ဖြစ်သည်။

**မဲရုံအတွင်း၌ မဲပေးစက်နေရာချထားခြင်း**

ဆန္ဒပြုစက်နှင့် မဲပေးချက်ဖော်ပြသည့်စက်တို့ကို လျှို့ဝှက်ဆန္ဒပြုခန်းတွင် တပ်ဆင်ထားမည်ဖြစ်ပြီး



မဲရုံအတွင်း၌အီလက်ထရွန်နစ်မဲပေးစက် နေရာချထားမှုပုံစံ

ထိန်းချုပ်စက်ကို စားပွဲပေါ်တွင် အများမြင်သာသည့် နေရာ၌ တပ်ဆင်ထားမည်ဖြစ်သည်။ ထိန်းချုပ်စက်ကိုင်ဆောင်သည့် မဲရုံမှူး/မဲရုံအဖွဲ့ဝင်က ထိန်းချုပ်စက်ပါ "Ballot"ခလုတ်ကို **စာမျက်နှာ ၁၁ သို့**

➤ စာမျက်နှာ ၁၀ မှအဆက်

နှိပ်ပေးမှသာလျှင် မဲဆန္ဒရှင်တစ်ဦးသည် ဆန္ဒပြုစက်ပါ မိမိရွေးချယ်သည့်ခလုတ်ကိုနှိပ်၍ မဲပေးနိုင်မည်ဖြစ်သည်။

**မဲပေးစက်ဖြင့် မဲပေးခြင်း**

မဲပေးခွင့်ရှိသည့် မဲဆန္ဒရှင် နိုင်ငံသားတစ်ဦးအနေ



ဆန္ဒပြုစက်ဖြင့် မဲပေးရမည့်ပုံစံ

ဖြင့် လျှို့ဝှက်ဆန္ဒပြုခန်းတွင် တပ်ဆင်ထားသော ဆန္ဒပြုစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း၏အမှတ်စဉ်၊ အမည်၊ တံဆိပ်တို့နှင့်တစ်တန်းတည်း တည့်တည့်တွင်ရှိသည့်ခလုတ်ကို တစ်ကြိမ်နှိပ်၍ မဲပေးရမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းနှင့်မှတ်ပုံတင်တို့ကို တိုက်ဆိုင်




မဲပေးချက်ဖော်ပြသည့်စက်မှထွက်ပေါ်လာသည့် မဲစက္ကူဖြတ်ပိုင်း

စစ်ဆေးပြီးနောက် ထိန်းချုပ်စက်ကိုင်ဆောင်သည့် မဲရုံအဖွဲ့ဝင်က "Ballot" ခလုတ်ကိုနှိပ်ပြီးသောအခါ ဆန္ဒပြုစက်ဖြင့် မဲပေးနိုင်မည်ဖြစ်သည်။

ဆန္ဒပြုစက်မှ မိမိနှစ်သက်ရာ ခလုတ်တစ်ခုကို နှိပ်လိုက်သည်နှင့်တစ်ပြိုင်နက် ဆန္ဒပြုစက်ဘေးတွင် တပ်ဆင်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ မိမိမဲပေးလိုက်သည့် ပါတီ/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမှတ်စဉ်၊ အမည်နှင့် တံဆိပ်တို့ဖော်ပြထားသော နှစ်လက်မ အရွယ်အစားရှိသည့် စက္ကူဖြတ်ပိုင်းအနေဖြင့် သုံးစက္ကန့်ခန့်ထုတ်ဖော်ပြသပေးမည်ဖြစ်ပြီး အဆိုပါဆန္ဒမဲစက္ကူဖြတ်ပိုင်းသည် အောက်ဘက်ရှိ မဲပုံးအတွင်းသို့အလိုအလျောက် ကျဆင်းသွားမည်ဖြစ်သည်။

မဲဆန္ဒရှင်တစ်ဦးသည် တစ်ကြိမ်သာလျှင် ခလုတ်နှိပ်၍ မဲပေးနိုင်ပြီး မပေးမီ သေချာစွာစဉ်းစားရွေးချယ်ရန်လိုအပ်မည်ဖြစ်သည်။ တစ်ကြိမ်နှိပ်ပြီးပါက နောက်ထပ်တစ်ကြိမ် ထပ်မံနှိပ်နိုင်မည်မဟုတ်ပေ။ အဆိုပါနှိပ်ခြင်းသည်လည်း ထိန်းချုပ်စက်ပါ မှတ်သားထားသည့်စနစ်၌ အကျိုးသက်ရောက်မှု ရှိမည်မဟုတ်ပေ။

**မဲပေးစက်၏ လုံခြုံစိတ်ချရမှု**

မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) သည် တိုက်ရိုက်မဲပေးသောစနစ်ဖြစ်သည်နှင့်အညီ မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများက မဲလက်မှတ်အသုံးပြုရန်မလိုဘဲ ဆန္ဒပြုစက်ရှိ မိမိနှစ်သက်ရာ ပါတီ/တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် တစ်တန်းတည်းရှိ ခလုတ်ကိုနှိပ်ကာမဲပေးနိုင်မည်ဖြစ်သည်။ **MEVM ကို မိုက်ခရိုကွန်ထရိုလာ(Micro controller) ဖြင့် တည်ဆောက်ထားသဖြင့် ကွန်ပျူတာများကဲ့သို့ Operating System (ဝင်းဒိုးစနစ်) ပါဝင်ခြင်းမရှိပေ။ အင်တာနက်စနစ်ပါဝင်ခြင်းမရှိသကဲ့သို့ မည်သည့်ကြိုးမဲ့စနစ် (Wi-Fi၊ Bluetooth)များလည်း မပါဝင်သဖြင့် အင်တာနက်စနစ်၊ ကြိုးမဲ့စနစ်များမှတစ်ဆင့် နှောင့်ယှက်ခြင်း မပြုနိုင်ပေ။** ကိရိယာတစ်ခုနှင့်တစ်ခုကိုလည်း Cable ကြိုးများဖြင့် တိုက်ရိုက်ချိတ်ဆက်ထားပြီး အဆိုပါကြိုးများသည် သမားရိုးကျ အသုံးပြုလျက်ရှိသောကြိုးများမဟုတ်ပေ။ မဲဆန္ဒရှင်တစ်ဦးသည် မိမိမဲပေးထားချက် မှန်/မမှန်ကို မဲပေးချက်ဖော်ပြသည့် စက်မှထွက်ပေါ်လာသည့် မဲစက္ကူဖြတ်ပိုင်းတွင် ချက်ချင်းကြည့်ရှုနိုင်မည်ဖြစ်သည်။

မဲပေးခြင်းမစတင်မီ၌ ပါတီ/တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များအနေဖြင့် စမ်းသပ်မဲပေး၍ စက်ကိုစမ်းသပ်နိုင်ပြီး စက်တွင်သိမ်းဆည်းထားသော ရလဒ်များနှင့် မဲပုံးအတွင်း စမ်းသပ်မဲပေးထားသော မဲစက္ကူဖြတ်ပိုင်းများ ကိုက်ညီမှု ရှိ၊ မရှိလည်း စစ်ဆေးနိုင်မည်ဖြစ်သည်။ ထိုသို့စမ်းသပ်စစ်ဆေးပြီးမှသာ မဲရုံဖွင့်၍ မဲပေးခြင်းစတင်မည်ဖြစ်သည်။ **ထို့ပြင် ဘက်ထရီစနစ်အသုံးပြုထား၍ ပြင်ပလျှပ်စစ်ဓာတ်အား လိုအပ်ခြင်းမရှိသဖြင့် ကျေးရွာများ၌ပါ အသုံးပြုနိုင်မည်ဖြစ်သည်။** မဲရလဒ်များသိမ်းဆည်းသည့် ထိန်းချုပ်စက်သည်လုံခြုံရေးကြိုးဖြင့်ပိတ်ထားမည့်အပြင် မဲရုံအတွင်းရှိ အများမြင်သာသောနေရာ၌ မဲရုံမှူး/မဲရုံအဖွဲ့ဝင်က ကိုင်တွယ်အသုံးပြုမည်ဖြစ်သည်။ မဲပေးစက်တွင် ရွေးကောက်ပွဲဝင် ပါတီ/တစ်သီးပုဂ္ဂလလွှတ်တော် ကိုယ်စားလှယ်လောင်းအပေါ် မဲဆန္ဒရှင်ပြည်သူတစ်ဦးချင်းစီက ရွေးချယ်မဲပေးလိုက်သည့် အရေအတွက်ကိုသာ မှတ်သားထားမည်ဖြစ်ပြီး မည်သူမည်ဝါက မဲပေးသည်ဆိုသည့်အချက်ကို ထည့်သွင်းထားခြင်းမရှိ၍ မဲဆန္ဒရှင်ပြည်သူတို့၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မည်သို့မျှထိခိုက်စေမည်မဟုတ်ပေ။

**မဲပေးစက်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများ**

ကျင်းပမည့်ရွေးကောက်ပွဲများတွင် အီလက်ထရွန်နစ်မဲပေးစက်အသုံးပြုခြင်းအားဖြင့် အောက်ပါအကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်ပါသည် -

* မဲလက်မှတ်များ ရိုက်နှိပ်ရခြင်း၊ ဆန္ဒပြုတံဆိပ်တုံး အသုံးပြုရန်မလိုအပ်ခြင်း။

(ရွေးကောက်ပွဲတစ်ကြိမ်ကျင်းပမည်ဆိုပါက မဲလက်မှတ်များရိုက်နှိပ်ရခြင်းအတွက် ကုန်ကျစရိတ်မှာ ၂၀၂၀ ပြည့်နှစ်၏ ကာလတန်ဖိုးဖြင့် ငွေကျပ်ခြောက်ဘီလီယံခန့်ကုန်ကျခဲ့ပြီး ယခုကာလတန်ဖိုးဖြင့်ဆိုပါက ယင်းကုန်ကျစရိတ်ထက် ပိုမိုကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါကုန်ကျစရိတ်တွင် ဆန္ဒပြုတံဆိပ်တုံးအတွက် ကုန်ကျစရိတ်ကျပ်သန်း ၅၀၀ ကျော် ပါဝင်ခြင်း မရှိသေးပေ။)

* မဲလက်မှတ်များ ရိုက်နှိပ်ရခြင်းမရှိသည့်အတွက် မဲဆန္ဒနယ်များမှားယွင်း၍ မဲလက်မှတ်များရောက်ရှိသွားခြင်းမျိုး ဖြစ်ပေါ်လာနိုင်မည်မဟုတ်ပေ။

* မဲပုံးများ မလိုအပ်တော့ခြင်း၊ (ရွေးကောက်ပွဲတစ်ကြိမ် ကျင်းပမည်ဆိုပါက မဲပုံးများအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် (၃. ၄) ဘီလီယံကျော် ကုန်ကျမည်ဖြစ်ပါသည်။)

* ပယ်မဲများမရှိတော့ခြင်း၊ (ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်တွင် မဲဆန္ဒရှင်တစ်ဦးချင်းစီ၏ မဲတစ်မဲသည် အလွန်အရေးကြီးသဖြင့် ပယ်မဲမရှိနိုင်တော့ခြင်းသည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီများ/တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအတွက် အလွန်အဖိုးထိုက်တန်သော အကျိုးရလဒ်ပင်ဖြစ်သည်။

အချိုးကျစနစ်ဖြစ်၍ မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအတွက် ရသင့်သည့် မဲအရေအတွက်မပြည့်မီစေကာမူ ကိုယ်စားလှယ်အရေအတွက်ကျန်ရှိနေသေးပါက ကြွင်းကျန်မဲများကို ပြန်လည်ရေတွက်ခြင်းစနစ်ဖြစ်၍ ပါတီ/တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့ကိုမဲပေးလိုက်သည့် မဲဆန္ဒရှင်တစ်ဦး၏ဆန္ဒမဲသည် ပယ်မဲမဖြစ်သွားခြင်းသည် အလွန်အရေးကြီးလှပါသည်။ ယင်းအကျိုးကျေးဇူးကို မဲပေးစက်အသုံးပြုခြင်းမှ ရရှိနိုင်မည်ဖြစ်ပါသည်။)

* မဲရေတွက်မှုမြန်ဆန်ခြင်း၊ (သမားရိုးကျ မဲလက်မှတ်များဖြင့် မဲပေးခြင်းများတွင် မဲဆန္ဒရှင်တစ်ထောင်ကျော်ရှိသော မဲရုံများ၌မဲရေတွက်ခြင်းကို နာရီနှင့်ချီ၍ ဆောင်ရွက်ရသည်ကို တွေ့မြင်ဖူးကြမည်ဖြစ်ပါသည်။ မဲပေးစက်ဖြင့် မဲပေးခြင်းတွင် မဲရုံပိတ်ပြီးသည်နှင့် မဲရလဒ်များကို မိနစ်အနည်းငယ်အတွင်း သိရှိနိုင်ပါသည်။)

* ရွေးကောက်ပွဲ တစ်ကြိမ်ထက်ပို၍ အသုံးပြုနိုင်သဖြင့် ကုန်ကျစရိတ်သက်သာလာခြင်းနှင့်

* အထွေထွေရွေးကောက်ပွဲများတွင်သာမက ကြားဖြတ်ရွေးကောက်ပွဲများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက် ပြုလုပ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများနှင့် စည်ပင်သာယာရွေးကောက်ပွဲများတွင်ပါ အသုံးပြုနိုင်သည့်အပြင် လွှတ်တော်တွင်း၌ ဆန္ဒမဲလက်မှတ်ဖြင့် မဲပေးရသည့်အခြေအနေမျိုးတွင်ပါ အသုံးပြုနိုင်ခြင်း။


**နိဂုံး**

မြန်မာအီလက်ထရွန်နစ်မဲပေးစက် (MEVM) သည် မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ စာတတ်မြောက်မှုနှုန်းများပေါ် မူတည်၍ တီထွင်ထားခြင်းဖြစ်သည်နှင့်အညီ အသုံးပြုရာတွင် လွယ်ကူရိုးရှင်းသော မဲပေးစက်ဖြစ်သည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်နှင့်ပတ်သက်၍ အများပြည်သူ ထံသို့ ပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မီဒီယာများမှတစ်ဆင့် ဆောင်ရွက်ခြင်းအပြင် မဲပေးစက်အား ပြည်သူများအနေဖြင့် လက်တွေ့စမ်းသပ်အသုံးပြုနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် မဲပေးစက်အသုံးပြု၍ မဲပေးနိုင်ရန်အတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မဲပေးစက်ဖြင့် မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ စမ်းသပ်မဲပေးခြင်းများ အစရှိသည့်နည်းလမ်းများကို သက်ဆိုင်ရာလွှတ်တော် ဥပဒေ၊ နည်းဥပဒေများတွင် ထည့်သွင်းပြင်ဆင်သွားမည်ဖြစ်သည်။ မဲရုံမှူးလက်စွဲများတွင်လည်း အသေးစိတ်ထည့်သွင်းသွားမည်ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲပေးစက်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။ နည်းပညာများတိုးတက်လာသော ခေတ်နှင့်အညီ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများတွင်လည်း အကျိုးကျေးဇူးများလှသည့် အီလက်ထရွန်နစ်မဲပေးစက်များ အသုံးပြုခြင်းသည် လွတ်လပ်၍ တရားမျှတသော၊ ဂုဏ်သိက္ခာရှိသောရွေးကောက်ပွဲ တစ်ရပ်အောင်မြင်စွာကျင်းပနိုင်ရေးတွင် ကြီးစွာသော အထောက်အကူဖြစ်စေမည်မှာ ဧကန်မလွဲပင်ဖြစ်သည်။

ကိုရွှေမိုး (UEC)

# တစ်ခါမိုက် ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် တစ်ခါမိုက်အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းမှ မတ် ၁၁ ရက်မှစတင်ကာ ထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ရိုက်ကူးပုံဖော်သည့် ဒါရိုက်တာအောင်ဇော်လင်းက ပြောပြ၍ သိရသည်။

တစ်ခါမိုက် ရုပ်သံဇာတ်လမ်းတွဲသည် အက်ဆစ်၏ ဇာတ်လမ်းကို အေးသီရိကိုက ဇာတ်ညွှန်းရေးဖွဲ့ထားခြင်းဖြစ်ပြီး မာန်ထက်ချီ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ အောင်ဇော်လင်းက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီရုပ်သံဇာတ်လမ်းတွဲက သမားရိုးကျကနေ ခွဲထွက်လာတဲ့ ဒရာမာ ဇာတ်လမ်းတွဲလေးပါ။ လောဘမီးလောင်မြိုက်နေတဲ့ လူတစ်သိုက်ရဲ့နောက်ဆက်တွဲ မောဟမီး၊ ဒေါသမီးတွေ လောင်မြိုက်နေတာကို မြင်ရမှာပါ။ လောကမှာ ငြိမ်းသတ်ရအခက်အခဲဆုံး လောဘမီး၊ မောဟမီး၊ ဒေါသမီးတွေ လောင်မြိုက်လာရင် ဘယ်လိုတွေဖြစ်လာမလဲဆိုတာ ဒီဇာတ်လမ်းတွဲမှာ မြင်ရမှာပါ"ဟု ဒါရိုက်တာ အောင်ဇော်လင်းက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟိန်းဝေယံ၊ မင်းဦး၊ အောင်လေး၊ ခိုင်နှင်းဝေ၊ ရတနာဗိုလ်၊ ချောကလျာ၊ Ella ရွှေစင်တို့နှင့်အတူ အခြားအနုပညာရှင်များပါဝင်ထားကြောင်း သိရသည်။ ASH

# PAG ၏ အကောင်းဆုံးဇာတ်ကားထုတ်လုပ်သူဆု Everything Everywhere All at One ရရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၈**

A 24 ရုပ်ရှင်ကုမ္ပဏီ၏ Everything Everywhere All at One ဇာတ်ကားသည် အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူများအသင်း (PAG) ၏ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူဆု (Darryl F.Zanuck Award) ကို ရရှိခဲ့ကြောင်း Screenrant သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

Everything Everywhere All at One ဇာတ်ကားသည် ဝါနာဘရားသား၏ Elvis၊ Paramount ၏ Top Gun:Maverick နှင့် ဒစ္စနီး၏ Avatar:The Way of Water ဇာတ်ကားတို့ကို ကျော်ဖြတ်၍ PAG အကောင်းဆုံးရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

Everything Everywhere All at One ဇာတ်ကားသည် ၂၀၂၃ ခုနှစ် ရုပ်ရှင်ဆုပေးပွဲများရာသီတွင် ရွှေကမ္ဘာလုံးဆုပေးပွဲ၏ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု အပါအဝင် ဆုပေါင်း ၂၀ ဆုထိ ရရှိထားပြီးဖြစ်ကြောင်း သိရသည်။ KKO

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing discusses regional development with district- and township-level departmental officials, town-elders in Kyaukphyu District





Senior General Min Aung Hlaing holds a meeting with departmental officials and local elders in Kyaukphyu.

**Nay Pyi Taw February 28**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met with district- and township level departmental officials and town-elders in Kyakphyu District in Rammarwadi Hall in Kyakphyu and discussed regional economic development.

Also present at the meeting together with the Senior General were Joint-Secretary Lt-Gen Ye Win Oo, members Admiral Tin Aung San and Dr Mu Htan of the SAC, union ministers, Chief Minister of Rakhine State U Htein Lin, senior officers from the Office of the Commander-in-Chief of Defence Services, Commander of the Western Command Maj-Gen Htin Latt Oo, district- and township level officials and town-elders in Kyaukphyu District and officials from the Kyaukphyu Special Economic Zone.

**Reports on salient points of the Kyaukphyu Special Economic Zone**

First, Union Minister for Commerce U Aung Naing Oo and Chairman of Kyaukphyu SEZ U Myint Thein reported on establishment of the SEZ and background history, formation of management committees, development of long-term plans and implementation of them under successive governments, current implementation of the plans and future tasks.

Then, Kyaukphyu District Administration Council Chairman U Ye Ling Maung reported to the Senior General on regional affairs and economic, social, agriculture and livestock breeding and health issues while town-elders reported to the Senior General on necessary assistance for socioeconomic development of local residents and maintenance of the long deteriorating Sasana Beikman building in Kyaukphyu.

**Nation building tasks must be carried out without losing sight of objective and goals**

After hearing reports, the Senior General said it is the first time to meet and deliver address to officials in Kyakphyu District and discussions were made with departmental officials, town-elders and businesspeople in Sittwe. During the discussions, they reported on regional development tasks. Although everyone wants their states and region to enjoy development, appropriate and possible tasks that reflect the reality of the states and regions have to be carried out.

Nation-building tasks must be carried out by adopting objectives and goals and without losing sight of them. The government has adopted two political objectives and has been implementing them for strengthening the disciplined and genuine multi-party democracy system and building a union based on federalism and democracy while measures are being taken for two national objectives of prosperity of the country and security of food, water and basic needs. As the prosperity of the country is directly related to the stability of the state, stability of respective areas is essential for the prosperity of the country.

**Education being promoted to develop educated human resources**

As development of human resources is essential for prosperity of the country, education is being promoted. As wisdom and technical know-how can be achieved through school educations, it is necessary to encourage all school-aged children to go to school. Therefore, efforts must be exerted to nurture intellectuals in Kyaukphyu. Only when there are intellectuals in the area, there will be human resources necessary for regional development.




Senior General Min Aung Hlaing gives guidance at Kyaukphyu Education Degree College.

**Agriculture and livestock breeding**

Kyaukphyu is endowed with favourable conditions to successfully carry out agriculture and livestock breeding tasks. If paddy yields in Kyakphyu can be boosted, it would be beneficial for the region and the buying power of farmers will be enhanced. This will also increase the revenue of the country. With increased income for individual farmers, the income of local residents will be higher and money circulation in the region will be accelerated, resulting in the development of socioeconomic lives. Therefore, it is necessary to boost per-acre yields of crops to meet the target. Priority must be given to local sufficiency and surplus must be exported to other regions and countries.

Successful farming requires quality strains, fertilizers and water supply and correct cultivation methods. Bio fertilizer can be produced from systematic livestock breeding. Again, successful farming of fish and prawn suitable to the region will contribute much towards the economy of Kyaukphyu region.

When it comes to agriculture, coconut that is well grown in the region should be used effectively. Value-added products can be produced from coconut. Thus, coconut business can be successful in the region, and there will be job opportunities for producing value-added goods.

It is necessary to grow windbreaks and mangroves to prevent natural disasters and *See Page 13*

# Discharge assigned duties with pleasure and serve regional and unit's interest



Senior General Min Aung Hlaing meets officers, other ranks and families.

**Nay Pyi Taw February 28**

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing met officers, other ranks and families of local naval base in Sittway Station, Western Command HQ this afternoon.

Also present together with the Senior General were his wife Daw Kyu Kyu Hla, Commander-in-Chief (Navy) Admiral Moe Aung and wife, Commander-in-Chief (Air) General Tun Aung and wife, senior military officers from Office Commander-in-Chief and their wives, Western Command Commander Maj-Gen Htin Latt Oo and officials.

**Political developments**

In his speech, the Senior General said officers, other ranks and families should have the knowledge of Tatmadaw's national political leadership role and the State's duties they are shouldering. He then explained in detail Tatmadaw's leadership role in installing multiparty democracy in accord with the people's wish, application of fraudulent methods due to people's dwindling trust in the elected second-term democracy government caused by weakness in administration and management although there were political, social and economic developments during the terms of democracy governments. vote rigging in 2020 multiparty general election, Tatmadaw's assumption of State responsibilities after declaring state of emergency for the failure to address vote rigging problem, measures to take lessons from the previous flawed election, systemic work procedures including field survey for correctness of voter lists in the coming election, efforts to hold a free and fair election, governments' ongoing efforts for all-round development of political and economic sectors, for peace restoration, and for multiple development as only unceasing perseverance ensures progress for a single person or a country.

**Capability and moral important for soldiers as man matters most**

**The Tatmadaw's principal duty is national defence, and Tatmadaw (Army), Tatmadaw (Navy) and Tatmadaw (Air), must guard the land, seas and air of the country with collective force.** The duty of Tatmadaw (Navy) is to protect the country's territorial waters. Every individual soldier must be dutiful every day in ensuring safety of surface and underwater territorial seas and enforcing the rule of law. In this world, man matters most as his involvement is needed in every sector and success can be secured only through his efforts.

Degree of individual talent is important. Competency and morale of servicemen is vital for the betterment of a military unity. Uniqueness of the Kyaukphyu region is its land that is touching the sea. Hence local units have to protect the land and sea. They must be dutiful in properly serving the Union's security duties. The price is high whenever there is the neglect of duty even by an individual. Hence, soldiers should be dutiful and loyal to the country and people.

**Properly shape future nation through joint efforts of government, Tatmadaw and people**

Tatmadaw joined hands with the people in restoring independence and has been shouldering its duties well to protect the Union while placing in force Our Three Main National Causes. With Union spirit in mind, it has exercised restraint to the most possible degree in settling ethnic armed conflicts that broke out due to political and ideological disagreements. Officers, other ranks and families should understand the country's objective conditions and should always have the military alertness and awareness and security outlook. Government, Tatmadaw and people will have to jointly shape a better future for the country. **Soldiers must serve their assigned duties with pleasure. Their accomplishments will be recognized if they profoundly discharge their duties till success is achieved.** They must also service the interest of their units and the areas they are posted. As the weather in Kyaukphyu is severe, they must have health awareness and must take preparatory measures to face unexpected natural disasters. As it is a remote place, they must establish and successfully run unit-own and manageable farming as a source of extra food supply.

Regarding education, officers and other ranks and their families read books that will be helpful to the development of their life, and it is necessary for not only self-improvement but for their children's. Doing so will be helpful to their improvement in life. They are to be good parents for the improvement of their children's education.

**Foodstuffs and cash bonus presented**

Then, the Senior General presented foodstuff for officers, other ranks and their families through the Commander of Regional Naval Command and his wife cash donation for the regional station maternal and child welfare association through the commander's wife.

Afterwards, the Senior General and party cordially greeted officers, other ranks and their families and fulfilled their needs.

Later, the Senior General and party took a tour of the naval command. 100

---

*From Page 12*

ensure temperate weather while the existing trees and forests must be maintained. All trees and forests facilitate preventive measures for natural disasters.

Regarding Kyaukphyu SEZ, Kyaukphyu deep-sea port project started for promotion of foreign trade. Plans are also being carried out to establish an industrial zone. In implementing national development projects, all-round consideration is necessary in short- and long-term interests of economic projects that should be suitable to each region. The Kyaukphyu SEZ project must be successful in the interests of the State.

Encouragement is being given for MSMEs. Operating local businesses needs to rely on domestic raw materials. It is necessary to manufacture value-added products from raw materials derived from agriculture and livestock breeding. Therefore, agricultural and livestock breeding activities should be successful in Kyaukphyu region for regional development. The State is providing capital investments for MSMEs.

**Sweet home attracts guests**

Possessing beautiful natural scenes and landscapes, Kyaukphyu region needs to try for tourism development. With regional peace and stability, tidiness, local eatables, and a beautiful and pleasant environment, a region can attract both local and foreign visitors. Sweet home will attract more guests. Thus, all departmental personnel and local people are to cooperate each other for regional development. Individuals are urged to play their roles and work hard in the national interests. In this way, a brighter future must be created for posterity, said the Senior General.

After the meeting, the Senior General and party cordially greeted those present.

Then, the Senior General and party went to Kyaukphyu Education Degree College where they were welcomed by principal Daw Mi Mi Win and education staff.

The principal and officials reported on progress in construction of a three-story main building and requirements for the college. The Senior General attended to the needs.

Later, the Senior General and party inspected construction of a new building of the nursing and midwifery training school and left necessary instructions.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects waterworks in Sittway


Senior General Min Aung Hlaing hears report on water supply system in Sittway.

**Nay Pyi Taw February 28**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by his entourage, Rakhine State Chief Minister U Htein Lin, Western Command Commander Maj-Gen Htin Latt Oo and officials, inspected the water supply system of Sittway this morning.

At the waterworks of Kandawgyi Lake and a group of rain water storage lakes, the Senior General and party heard a report on average daily and yearly water demand of Sittway, water supply from Kandawgyi Lake and a group of rain water storage lakes and Hsantyoekya group of rain water storage lakes, annual rainfall and storage capacity, decrease in rain fall beginning from 2017, rise in demand due to population increase of Sittway, and requirements for extension of storage lakes, and provision storage lakes with water from Khami Creek Dam.

Regarding the reports, the Senior General said efforts should be made to meet the daily water demand of the city. Means to turn salt water into fresh water must be taken into account, apart from storing fresh water. A feasibility study on environmental friendly underground water tapping at the north of the city should be done and report must be presented soonest. Available underground water should be pumped with electricity or solar power instead of using fuel oil run pumps.

Cleanness and durability of Kandawgyi should be upgraded. Storage lakes cannot store water up to the fixed level because of a drop in the rainfall. Excessive exploitation of forest resources led to drop in rainfall and occurrence of natural disasters. Hence trees including mangrove plants must be grown. Rain will increase only if an area has a large area forests. Hence, long-term beneficial programs should be considered.

The Senior General and party viewed the storage lakes and looked into the requirements of officials in their work of maintaining the waterworks and meeting the local water demand. 100

# Govt. issue license fees for the purchase and collection of fishery products according to the type and quantity

**Nay Pyi Taw February 28**

The Department of Fisheries has issued license fees for the purchase and collection of fishery products according to type and quantity, according to reports released by the department on February 24, 2023.

The Director General of the Department of Fisheries under the Ministry of Agriculture, Livestock and Irrigation issued the license fee rates for the purchase and collection of fishery products on February 17, 2023, by exercising the authority granted under Sub-section (a) of Section 22, and Section 23 of the Fisheries Law of Myanmar.

The tax rates in the announcement will come into effect on April 1, 2023.

Therefore, it is reported that the Order No. (6/2003) issued by the Department of Fisheries on May 19, 2003 has been canceled by the notice issued now. 336


Cuttlefish for sale at a market.

# Lablab bean market active with good prices due to high demand

**Nay Pyi Taw February 28**

Lablab bean market is getting active with good prices as there are both local and foreign demands although newly-harvested lablab beans are coming to the local markets, according to sources from the Bayintnaung wholesale market in Yangon city.

Normally, prices are down when new harvests come. But lablab bean prices have even increased and its market is still active.

Lablab bean is very common for public consumption in Myanmar while it also goes to foreign markets weekly and monthly. With good demand, its prices are good and its market active.

Last year, the price of Lablab bean was about K65,000 per basket and it has increased to K82,000 this year with an additional K17,000.

Lablab bean is locally bought for making fritters and snacks. It is also exported via both maritime and border trade routes.

From 1 April 2022 to 17 February 2023 in the current 2022-2023 fiscal year, Lablab beans worth US$4.506 million were exported—US$ 3.214 million via maritime route and US$1.292 million via border route. Local growers are making profits in growing and selling Lablab bean this year despite high production and transportation costs.

336

# More travellers visit Bagan via Mayanchan jetty during the open season

**Mandalay February 28**

More travellers are visiting Bagan through Mayanchan jetty during the open season, said U Win Maung, Chairman of the Private Vessels Disciplinary Committee of Mandalay Region.

Currently, the Ayeyawady River has reached its low water level, but passenger ships including cargo ships that export raw and finished goods are moving comfortably in the river.

"Now is the tourist season, so the number of travellers going to Bagan from Mayanchan jetty has increased again. Before, there were only a few travellers going to Bagan," he continued.

From the first week of February, the number of passengers travelling from Mayanchan jetty to Bagan was only over 30 per day, and from the second week of February, the number of passengers travelling from the port has increased to over 120 per day.

It is reported that there are more than 100 cargo ships with passengers onboard that export goods such as rice, cooking oil, salt, fish paste, dried fish, cement, etc. 184


Foreign tourists seen on a ferry boat.

# SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win attends final match of Inter-University/Degree College Men's Football Tournament for 2022-23 AY in conjunction with prize awarding ceremony


Vice-Senior General Soe Win presents cash award to the champions.

**Nay Pyi Taw February 28**

The final match of Inter-University/Degree College Men's Football Tournament for 2022-23 academic year and the prize awarding ceremony took place at Wunna Theikdi Stadium in Nay Pyi Taw this afternoon, attended by Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present at the ceremony were SAC members, Union ministers, the chairman of Nay Pyi Taw Council, senior military officers, deputy ministers, faculty members and student athletes from universities and degree colleges in regions and states.

The Vice-Senior General and attendees watched the final match between Yangon Zone team and Pathein Zone team in the men's football tournament.

As they could reach the final match, both teams penetrated each other with might and main. At 7th minutes, Yangon Zone team scored an opening goal but Pathein Zone team equalized at 33rd minutes. At 61st minutes of the second half, Yangon Zone team netted the second leading goal. Pathein Zone team could translated its chance into the goal at the 71st minutes. They held a 2-2 draw till the final whistle.

In the first extra time, Pathein Zone team scored the third goal at 7th minutes and 34th seconds, but Yangon Zone team equalized its third goal via penalty kick at the 13th minutes and 50 seconds. Hence, the match ended with a 3-3 draw.

In the penalty decisions, Yangon Zone team scored four goals and Pathein Zone team, three goals. Hence, Yangon Zone team won over the opponent with a 7-6 result.

Then, Union Minister Dr Nyunt Pe presented individual medals and cash awards for the best goalkeeper award to keeper Hein Htet Ko Ko from Pathein Zone team, Union Minister Lt-Gen Tun Tun Naung, the best defender award to Hsan Pyae Sone Soe from Mawlamyine Zone team, SAC member U Yan Kyaw, the best midfield award to Aung Naing Soe from Yangon Zone team, SAC member Khun San Lwin, the best forward award to Ye Yint Maung from Magway Zone team, SAC member Dr Kyaw Tun, the top scorer award to Hlaing Bwar from Yangon Zone team and SAC member U Maung Ko, the best player of the tournament award to Nay Lin Soe from Yangon Zone team.

SAC member Mahn Nyein Maung gave individual medals and cash awards for third prize-winning Mawlamyine Zone team, SAC member Poe Rei Aung Thein, second prize-winning Pathein Zone team and SAC member Lt-Gen Yar Pyae, first prize-winning Yangon Zone team.

The Vice-Senior General presented cash award and championship trophy to first prize-winning Yangon Zone team.

After the match, the Vice-Senior General and those present at the ceremony cordially greeted the players.

Universities, degree colleges and colleges under the Department of Higher Education were designated in four zones each in upper and lower Myanmar in selecting the players in relevant townships for the tournament. 100


Vice-Senior General Soe Win shaking hands with footballers.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကျောက်ဖြူပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီဝင်းနှင့် တာဝန်ရှိသူများက ကောလိပ်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ကောလိပ်အတွက် လိုအပ်ချက်များကို တင်ပြစဉ်။

ဒေသတွင်း ကောင်းမွန်စွာပေါက်ရောက်ဖြစ်ထွန်းသည့် အုန်းပင်ကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်၊ အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်း အမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်သည်ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်၊ သဘာဝဘေးဒဏ်ကိုခံနိုင်ရေးနှင့် မိုးလေဝသမှန်ကန်စေရေးတို့အတွက် အရိပ်ရလေကာပင်များ၊ လမုပင်များကို စိုက်ပျိုးရန်လိုသကဲ့သို့ ရှိပြီးဖြစ်သည့် သစ်ပင် သစ်တောများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လို . . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီဝင်းနှင့် ပညာရေးဝန်ထမ်းများကို လိုအပ်သည်များ လမ်းညွှန်မှာကြားစဉ်။

☆ ကျောဖုံးမှအဆက်

ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာများနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြ**

ဦးစွာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ဖြစ်ပေါ်လာပုံနှင့် နောက်ခံအခြေအနေများ၊ စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ အစိုးရအဆက်ဆက် ရေရှည်စီမံချက်များချမှတ်၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လက်ရှိစီမံကိန်း ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောက်ဖြူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲလင်းမောင်က ဒေသဆိုင်ရာအချက်အလက်များ၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ကျန်းမာရေး အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးစေလိုမှု၊ ကျောက်ဖြူမြို့ရှိ သာသနာ့ဗိမာန်အဆောက်အအုံသည် နှစ်ပေါင်းကြာရှည်ပြီဖြစ်ပြီး ပျက်စီးယိုယွင်းလျက်ရှိသဖြင့် ပြင်ဆင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိမှုတို့ကို အသီးသီး တင်ပြကြသည်။

**နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး မပျောက်ပျက်အောင် ဦးတည်ဆောင်ရွက်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ကျောက်ဖြူခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများကို ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ စစ်တွေမြို့၌လည်း ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးကြကြောင်း၊ လူတိုင်းသည် မိမိတို့ဒေသ၊ မိမိတို့တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေလိုသည်ဖြစ်သော်လည်း မိမိဒေသနှင့် တိုင်းပြည်၏ ပကတိအခြေအနေနှင့် ကိုက်ညီပြီး ဖြစ်နိုင်သည်နှင့် ဖြစ်သင့်သည်များကို တွက်ချက်ဆောင်ရွက်ကြရကြောင်း၊ နိုင်ငံတည်ဆောက်ရေးတွင် ဦးတည်ချက်များ၊ ရည်မှန်းချက်များထားရှိပြီး ဆောင်ရွက်ကြရကြောင်း၊ ရည်မှန်းချက်များ၊ ဦးတည်ချက်များ မပျောက်ပျက်စေရေး ဦးတည်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို နိုင်ငံရေးလုပ်ငန်းစဉ် ၂ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ **အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ် အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဦးတည်ချက်ထား ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **သာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေးနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့်အတွက် ဒေသတစ်ခုချင်းစီအလိုက် တည်ငြိမ်အေးချမ်းမှုသာလျှင် ဒေသများနှင့် တိုင်းပြည်သည်လည်း သာယာဝပြောလာမည်ဖြစ်**ကြောင်း။

**ပညာတတ် လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေး ပညာရေးအားပေးမြှင့်တင်**

ထိုကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အဓိကလိုအပ်ချက်သည် လူသားအရင်းအမြစ်ကောင်းများ များစွာပေါ်ထွက်လာရေးပင်ဖြစ်သည့်အတွက် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ အတန်းပညာရှိမှသာ အသိပညာ၊ အတတ်ပညာများ တိုးတက်ရရှိမည်ဖြစ်သည့်အတွက် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကျောက်ဖြူဒေသတွင် ပညာတတ်များပေါ်များစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ **ဒေသတွင်းပညာတတ်များပေါ်များမှသာ ဒေသတိုးတက်ရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများကို ရရှိမည်ဖြစ်**ကြောင်း။

**စိုက်ပျိုးမွေးမြူရေး**

ကျောက်ဖြူဒေသတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပြီးဖြစ်ကြောင်း၊ **ကျောက်ဖြူခရိုင်အတွင်း စပါးအထွက်နှုန်းများ ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိမည်ဖြစ်ပြီး စပါးစိုက်တောင်သူများအတွက် ဝယ်လိုအားတက်လာစေမည်ဖြစ်**ကြောင်း၊ **တိုင်းပြည်အတွက်လည်း ဝင်ငွေပိုမိုရရှိမည်**ဖြစ်ကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တောင်သူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ ဝင်ငွေများ တိုးပွားလာမှုမှအစပြု၍ ဒေသတွင် နေထိုင်သူများအားလုံး၏ ဝင်ငွေများ ယခင်ကထက် တိုးတက်ကောင်းမွန်လာပြီး ဒေသတွင်း လည်ပတ်သုံးစွဲငွေများပြားလာကာ လူမှုစီးပွားဘဝများလည်း တိုးတက်လာမည်ဖြစ်**ကြောင်း၊ ထို့ကြောင့်တစ်ဧကချင်း အထွက်နှုန်းများကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၏လိုအပ်ချက်ကို ပြည့်မီအောင် ဦးစားပေးဆောင်ရွက်ပြီး ယင်းထက်ပိုမိုထုတ်လုပ်နိုင်မည်ဆိုပါက အခြားဒေသများ၊ ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ရန်အတွက် မျိုးကောင်းရန်၊ မြေဩဇာနှင့် အောင်ရေလုံလောက်စွာရရှိရန်၊ စိုက်နည်းစနစ်များ ကောင်းမွန်ရန်လိုကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ဇီဝမြေဩဇာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသနှင့် **စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အသစ်ဆောက်လုပ်ထားရှိသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ကိုက်ညီသည့် ငါးနှင့်ပုစွန်မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ကျောက်ဖြူဒေသ၏ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ **ဒေသတွင်း ကောင်းမွန်စွာ ပေါက်ရောက်ဖြစ်ထွန်းသည့် အုန်းပင်ကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်**ကြောင်း၊ **အုန်းနှင့် အုန်းထွက်ပစ္စည်းများမှ အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်း အမျိုးအမည်များစွာကို ထုတ်လုပ်ရောင်းချနိုင်သည် ဖြစ်သဖြင့် ကျောက်ဖြူဒေသတွင် အုန်းစိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်**ကြောင်း၊ အုန်းစိုက်ပျိုးခြင်းဖြင့် ဒေသအတွင်း အုန်းထွက်ပစ္စည်းများကို ထုတ်လုပ်နိုင်သဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကာ ဒေသဝင်ငွေပိုမိုရရှိစေမည်ဖြစ်ကြောင်း။

အလားတူ **သဘာဝဘေးဒဏ်ကို ခံနိုင်ရေးနှင့် မိုးလေဝသမှန်ကန်စေရေးတို့အတွက် အရိပ်ရလေကာပင်များ၊ လမုပင်များကို စိုက်ပျိုးရန်လိုသကဲ့သို့ ရှိပြီးဖြစ်သည့် သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရန်လို**ကြောင်း၊ သစ်ပင်သစ်တောများအားလုံးသည် သဘာဝဘေးဒဏ်ကာကွယ်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့်ပတ်သက်၍ **ကျောက်ဖြူရေနက်ဆိပ်ကမ်းကို ပြည်ပကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ ကျောက်ဖြူစက်မှုဇုန်နှင့်ပတ်သက်၍လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသတစ်ခုချင်းစီအလိုက် ၎င်းဒေသနှင့် ကိုက်ညီနိုင်မည့် စီးပွားရေးလုပ်ငန်းများကို ရေတိုရေရှည် တွက်ချက်၊ ဘက်ပေါင်းစုံမှ တွက်ချက်စဉ်းစား ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်**စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်အတွက် အဘက်ဘက်မှ ကြည့်ရှုစဉ်းစားပြီး အောင်မြင်အောင် ဆောင်ရွက်ရမည်**ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို အဓိကထား ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောက်ဖြူဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများအတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ပေးလျက်ရှိကြောင်း။

## အိမ်သာလျှင် စည်လာမည်

ထို့ပြင် ကျောက်ဖြူဒေသသည် သာယာလှပသည့်ပတ်ဝန်းကျင်နှင့် သဘာဝအလှရှုခင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်သဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အောင်မြင်စွာဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ လာရောက်သူများပြားစေရေး ဒေသတည်ငြိမ်အေးချမ်းမှု၊ သန့်ရှင်းသပ်ရပ်မှု၊ ဒေသထွက်အစားအစာများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်မှုတို့ဖြင့် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အိမ်သာယာမှသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံများအားလုံးက အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍ မိမိတို့တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ရမည်များကို တတ်စွမ်းသရွေ့ ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြစေလိုပြီး မျိုးဆက်သစ်များ၊ နောင်လာနောက်သားများအတွက် အနာဂတ်ကောင်းကို ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိဝင်းနှင့် ပညာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ကောလိပ်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသည့် သုံးထပ်ပင်မစာသင်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ကောလိပ်အတွက် လိုအပ်ချက်များကို တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အသစ်ဆောက်လုပ်ထားရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့် ကိစ္စရပ်များမပါ)ကို မတ် ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်**

**၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်**

**(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈)**

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်ထိ ထုတ်ပြန်ထားသော ပြည်သူသို့ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ)ကို မတ် ၃၁ ရက်ထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံးအမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံး အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံး အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ အားကစားမောင်မယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံဘောလုံးအမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် အကြိတ်အနယ် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ခုနစ်မိနစ်တွင် ရန်ကုန်ဇုန်အသင်းက အဖွင့်ဂိုးဦးဆောင်သွင်းယူနိုင်ခဲ့သော်လည်း ပုသိမ်ဇုန်အသင်းက ပွဲကစားချိန် ၃၃ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲကစားချိန် ၆၁ မိနစ်တွင် ရန်ကုန်ဇုန်အသင်းက ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲကစားချိန် ၇၁ မိနစ်တွင် ပုသိမ်ဇုန်အသင်းက ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်း ပွဲပြီးဆုံးချိန်အထိ တစ်ဖက်နှစ်ဂိုးစီရရှိခဲ့ကြသည်။

ထို့နောက် အချိန်ပိုယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက အချိန်ပို ခုနစ်မိနစ် ၃၄ စက္ကန့်တွင် တတိယဂိုးကို သွင်းယူနိုင်ခဲ့သော်လည်း ရန်ကုန်ဇုန်အသင်းက ပွဲကစားချိန် ၁၃ မိနစ် ၅၀ စက္ကန့်တွင် ပင်နယ်တီမှတစ်ဆင့် ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဖက်သုံးဂိုးစီရရှိကြသည်။

ဆက်လက်၍ ပင်နယ်တီပါးလုံး အဆုံးအဖြတ်ရယူရာ ရန်ကုန်ဇုန်အသင်းက လေးဂိုးနှင့် ပုသိမ်ဇုန်အသင်းက သုံးဂိုးသွင်းယူနိုင်ခဲ့သဖြင့် ရန်ကုန်ဇုန်အသင်းက စုစုပေါင်း ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကောင်းဆုံးဂိုးသမားဆုရရှိသည့် ပုသိမ်ဇုန်အသင်းမှ ဂိုးသမားဟိန်းထက်ကိုကိုအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အကောင်းဆုံးနောက်တန်းအားကစားသမားဆု ရရှိသည့် မော်လမြိုင်ဇုန်အသင်းမှ ဆန်းပြည့်စုံစိုးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးရန်ကျော်က အကောင်းဆုံးအလယ်တန်းအားကစားသမားဆု ရရှိသည့် ရန်ကုန်ဇုန်အသင်းမှ အောင်နိုင်စိုးကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ခွန်စံလွင်က အကောင်းဆုံးရှေ့တန်းအားကစားသမားဆု ရရှိသည့် မကွေးဇုန်အသင်းမှ ရဲရင့်မောင်ကိုလည်းကောင်း၊ **စာမျက်နှာ ၂၁ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကို တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆု ရရှိသည့် ရန်ကုန်ဇုန် အသင်းကို တစ်ဦးချင်း ဆုတံဆိပ် ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

# အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးပထမနေ့ ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

အဌမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သိရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများကို နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သဘာပတိဆရာတော်အဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသလင်္ကာရာဘိဝံသက အခမ်းအနားမှူးဆရာတော်အဖြစ် ဆောင်ရွက်တော်မူသည်။

ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်အားလုံးက "သာသနဿ စလောကဿ ဝုဍ္ဎိဘဝတုသဗ္ဗဒါ" အစချီသော နှစ်ဂါထာကို တညီတညွတ်တည်း သုံးကြိမ်ရွတ်ဆိုလျက် အခမ်းအနားကို ဖွင့်လှစ်တော်မူကြပြီး နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာများကို နာယူကြသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ၁၃၈၃ ခုနှစ် တပေါင်းလမှ ၁၃၈၄ ခုနှစ် တပေါင်းလထိ တစ်နှစ်တာကာလအတွင်း ပျံလွန်တော်မူသွားကြသော နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ် ပွားတော်မူကြောင်းမှတ်တမ်းတင်ခြင်း၊ အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းများ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ပြီး တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော နိုင်ငံတော်သံဃမဟာ



နာယကအဖွဲ့၏ အစီရင်ခံစာအကျဉ်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသလင်္ကာရာဘိဝံသက တင်သွင်းလျှောက်ထားသည်။

မွန်းလွဲပိုင်းတွင် တစ်နှစ်တာကာလအတွင်းဆောင်ရွက်ခဲ့သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် ဖတ်ကြားတင်သွင်းရာ ဝိနိစ္ဆယရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရကလည်းကောင်း၊ ပညာရေးရာကဏ္ဍကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရကလည်းကောင်း ဖတ်ကြားတင်သွင်းပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

ယနေ့အစည်းအဝေးသို့ ၂၀၂၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲတွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်ရရှိတော်မူသော Most Venerable Prof. Kumburugamuwe Vajira Mahathera ဦးဆောင်သည့် သီရိလင်္ကာနိုင်ငံမှ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူသည့် ဆရာတော်ကြီး သုံးပါးနှင့်အဖွဲ့၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး JANAKA PRIYANTHA BANDARA တို့ လေ့လာတက်ရောက် ကြည်ညိုခဲ့ကြကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များကို တစ်နေ့တာဆွမ်းအလှူရှင်အဖြစ် ဦးသိန်းမောင်နှင့် ဇနီး ဒေါ်ပါးပါး (စန္ဒီပရဆေး) မိသားစု အမှတ် ၂၄၀ ကုန်ဈေးတန်းလမ်း ရန်ကုန်မြို့က ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၂၀ မှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ဂိုးသွင်းအများဆုံးအားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ လှိုင်ဘွားကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်ကိုက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ရန်ကုန်ဇုန်အသင်းမှ နေစိုးလင်းကိုလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က တတိယဆုရရှိသောမော်လမြိုင်ဇုန်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပိုးရယ်အောင်သိန်းက ဒုတိယဆုရရှိသော ပုသိမ်ဇုန်အသင်းကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က တတိယဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်း အောင်ပွဲခံစဉ်။

ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမဆုရရှိသည့် ရန်ကုန်ဇုန်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။


ယခုကျင်းပခဲ့သည့် ဘောလုံးပြိုင်ပွဲသည် အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များကို အောက်မြန်မာပြည်ဇုန် လေးခုနှင့် အထက်မြန်မာပြည်ဇုန် လေးခုသတ်မှတ်၍ လူရွေးပွဲများကို သက်ဆိုင်ရာဇုန်အလိုက် မြို့တို့တွင် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း


၁။ ရှမ်းပြည်နယ် တောင်ကြီးမြို့ ဈေးပိုင်းရပ်ကွက် အနောက်မြို့ပတ်လမ်း အမှတ်(၁၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီ အမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အပိုင်း(၁) ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ ရွှေအင်ကြင်းလမ်း အခန်း(၁၀၅) တိုက် (၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီ အမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ အလံပုံစံ



ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၏ တံဆိပ်ပုံစံ



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ပန်ဝါမြို့ ချမ်းမေအိမ်ရာ(၁၇) အမှတ်(၃)ရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)][N.D.P(Kachin)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party(Kachin)][N.D.P(Kachin)]၏ အလံပုံစံ



ဒီမိုကရေစီပါတီသစ် (ကချင်)[New Democracy Party(Kachin)][N.D.P(Kachin)]၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းခရိုင် သယ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် လေးထောင့်ကန်လမ်း မြေအမှတ်(၇၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)၏ အလံပုံစံ



အမျိုးသားဒီမိုကရေစီပါတီသစ် (NEW NATIONAL DEMOCRACY PARTY)၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ရတနာဒီပငှရွှေဝါလမ်းနှင့် အင်ကြင်း(၂)လမ်းထောင့်တွင် ပါတီရုံးချုပ်တည်ရှိသော **ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်ထိ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်ထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်သည်။

ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

၂၀၂၃ ခုနှစ် (၅၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကတ်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖေဖော်ဝါရီ ၂၈ ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်းအခု ၅၅၀၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၁၈ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၉၉ ဦး |

# ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့်ပုဂ္ဂိုလ်များကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ





မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးတို့က ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့်ပုဂ္ဂိုလ်များကို ဆုတံဆိပ်၊ဂုဏ်ပြုမှတ်တမ်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကပေးအပ်သည့် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင် တံဆိပ်ရရှိသည့်ပုဂ္ဂိုလ်များကို မန္တလေးတိုင်း ဒေသကြီး အစိုးရအဖွဲ့က ထပ်ဆင့်ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူးဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ၂၀၂၂ ခုနှစ်အတွင်း ဂုဏ်ထူး ဆောင်တံဆိပ်ရရှိသည့် ပုဂ္ဂိုလ်များအား ဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းနှင့် မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာလအတွင်း မန္တလေး မြို့ပေါ်ရှိ ရောဂါဝေဒနာပြင်းထန်စွာခံစား နေရသော ပြည်သူလူထုကို စွမ်းစွမ်းတမံ ကူညီစောင့်ရှောက်ပေးခဲ့ကြသည့် ပြည်သူ့ ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဂုဏ်ပြု မှတ်တမ်းလွှာများကိုပေးအပ်ကြရာ ပြည်သူ့ ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ထူး ဆောင်တံဆိပ် ရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ပြည်သူ့ ကျန်းမာရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ရန်ပုံငွေရှာဖွေရေး ကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်း ဗီဒီယိုကိုကြည့်ရှုအားပေးကြသည်။ အဆိုပါ အခမ်းအနားတွင် လူမှုထူးချွန် ပထမဆင့် ရရှိသူ တစ်ဦး၊ လူမှုထူးချွန် ဒုတိယဆင့် ရရှိသူ တစ်ဦး၊ လူမှုထူးချွန် တတိယဆင့် ရရှိသူ ရှစ်ဦး၊ ရဲဝလတံဆိပ်ရရှိသူ တစ်ဦး၊ စုစုပေါင်း ၁၁ ဦးနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၂၇ ဦး တို့ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်းစည်းဝေး

**မန္တလေး ဖေဖော်ဝါရီ ၂၈**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ကို မန္တလေးမြို့တွင် ပြည်သူလူထု အားလုံးပါဝင်ပျော်ရွှင်ဆင်နွှဲ၍ စည်ကား သိုက်မြိုက်စွာကျင်းပရေး အကြိုလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်း က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား ပြီး မြို့မိမြို့ဖများက သင်္ကြန်ပွဲတော်နှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြကာ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ များ၏ တင်ပြဆွေးနွေးမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**မျိုးကျော်**



၂၀၂၃ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန် ပွဲတော်ကို မန္တလေးမြို့တွင် စည်ကားသိုက် မြိုက်စွာကျင်းပရေး အကြိုလုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပစဉ်။

# မိုင်းဖြတ်မြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

တပ်မတော်အနေဖြင့် ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုကဏ္ဍတွင် တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေရန် အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီး၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် များမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မြို့နယ်၊ ကျေးရွာများအထိ သွားရောက်၍ ဒေသခံတိုင်းရင်းသား ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူမျိုး၊ ဘာသာ၊ အချိန်၊ နေရာမရွေးဆောင် ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၇ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံတိုင်းရင်းသား ပြည်သူ ၁၆၄ ဦး၊ ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မရမ်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် များနှင့် ဒေသခံပြည်သူစုစုပေါင်း ၃၁၉ ဦး နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင် မြို့နယ် ဟိုလိမ့်ကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံ ပြည်သူစုစုပေါင်း ၁၈၆ ဦးတို့ကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ကျေးရွာ ဘုန်းတော်ကြီးကျောင်းများနှင့် ကျေးလက် ဆေးပေးခန်းများ၌ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေး ကြသည်။

နယ်မြေခံ ဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင် များနှင့် ဒေသခံပြည်သူများကို သွားနှင့် ခံတွင်းရောဂါ၊အရိုး၊အကြောဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွေးတိုး ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေး ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက် ၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သော လူနာများကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေး ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# Online Game လောင်းကစားလုပ်ငန်း၊ Online ကံစမ်းမဲဖောက် လောင်းကစားလုပ်ငန်းနှင့် တရားမဝင် Online ချေးငွေလုပ်ငန်းလုပ်ကိုင်သူ တရားခံ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၄၇ ဦးတို့ကို လုပ်ငန်းများ လုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ဘဏ်အကောင့်များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ




**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

Online အခြေပြု လောင်းကစားလုပ်ငန်းများ၊ ကံစမ်းမဲဖောက်လုပ်ငန်းများနှင့် တရားမဝင်ချေးငွေလုပ်ငန်းလုပ်ကိုင်နေသူ ဒုစရိုက်သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးဆိုင်ရာ အထောက်အကူပြုမှတ်တမ်းများနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို အခြေပြု၍ စောင့်ကြည့်ကာ စုံစမ်းစစ်ဆေးဖော်ထုတ်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကွင်းဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၉ ရက် ည ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် FMI CITY ငွေနှင်းဖြူသစ်ခွလမ်း အမှတ်(O-178) နေအိမ်၌ TTbet Online Game လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ မို့မို့စံ (ခ)Yuki ပါ တရားခံ ကိုးဦးကို TTbet Online Game လောင်းကစားရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း အလုံး ၅၀၊ လက်တော့ ၂၂ လုံး၊ မော်နီတာ လေးလုံး၊ ဆင်းကတ် ၇၄၁ ကတ်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



**TTbet Online Game လောင်းကစားလုပ်ငန်းလုပ်ကိုင်သည့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် FMI CITY ငွေနှင်းဖြူသစ်ခွလမ်း အမှတ်(O-178)နေအိမ်မှ တရားခံ မို့မို့စံအပါ ကိုးဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။**

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ်(FG-98)ကို ထပ်မံဝင်ရောက်ရှာဖွေရာ Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်း)ကို စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ဖုန်းကျော်နှင့် ကြီးကြပ်လုပ်ကိုင်သူ ထင်အောင်ကျော်(ခ) အယ်လစ်ပါ တရားခံ ၁၉ ဦးတို့ကို လက်ကိုင်ဖုန်း ၃၇ လုံး၊ လက်တော့ ၂၅ လုံး၊ မော်နီတာ သုံးလုံး၊ System Box တစ်လုံး၊ UPS တစ်လုံး၊ ကာလာပရင်တာ တစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။


သတင်းဆက် ဖော်ထုတ်ချက်အရ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် FMI CITY ချင်းတွင်းလမ်းရှိ အိမ်အမှတ်(FG-95)ကို ထပ်မံဝင်ရောက်ရှာဖွေရာ TTbet Online Game လောင်းကစားလုပ်ငန်းကို ကြီးကြပ်၊ စာရင်းကိုင်အဖြစ်လုပ်ကိုင်သူ အေးငြိမ်းသူနှင့် ကြီးကြပ်လုပ်ကိုင်သူ စိုင်းသီဟဇော်ပါ တရားခံ ၁၉ ဦးတို့ကို လက်တော့ ၁၁ လုံး၊ လက်ကိုင်ဖုန်း ၂၂ လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ TTbet Online Game လောင်းကစားလုပ်ငန်းနှင့် Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်း) များကိုဦးစီးပြီး စီမံခန့်ခွဲလုပ်ကိုင်သူ ရန်နိုင်ကျော်(ခ)အားဖုအား ဇန်နဝါရီ ၃၀ ရက် နံနက် ၂ နာရီခွဲတွင် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် ပန်းလှိုင်အိမ်ရာ ပန်းလှိုင်ကွန်ဒို (D) အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်း တစ်လုံး၊ Macbook Pro လက်တော့ တစ်လုံး၊ Macbook Air လက်တော့ တစ်လုံး၊ ယာဉ်အမှတ် YGN 6S-8888 Mercedes Benz အမျိုးအစား အနက်ရောင်ယာဉ်တစ်စီး၊ ယာဉ်အမှတ် YGN 9B-6667 Lexus အနက်ရောင်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် တရားခံ ရန်နိုင်ကျော်(ခ)အားဖု၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် MICT Park တိုက်အမှတ်(၉) လေးလွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းသို့ ဝင်ရောက်ရှာဖွေရာ Money Bag Application၊ Cash Now Application၊ Cola Kyat Application တို့ကိုအသုံးပြုပြီး တရားမဝင် Online ချေးငွေလုပ်ငန်း လုပ်ကိုင်နေသည့် မန်နေဂျာ ကျော်ဆန်းလင်း (ခ)အားချန်ပါ ၂၂ ဦးတို့ကို လက်ကိုင်ဖုန်း အလုံး ၃၀၊ လက်တော့ ၅၅ လုံး၊ Desktop တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊

ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် လှိုင်မြို့နယ် MICT Park တိုက်အမှတ်(၁၇) လေးလွှာရှိ Sky Pay Mobile Financial Services Co.,Ltd. ရုံးခန်းတွင် Money Bag Application၊ Cash Now Application၊ Cola Kyat Application၊ U Loan Application တို့ကို အသုံးပြုပြီး တရားမဝင် Onlineချေးငွေလုပ်ငန်း လုပ်ကိုင်နေသည့် စာရင်းကိုင်ဖြစ်သူ ကျော်မျိုးအောင်အား လက်တော့ ၄၉ လုံး၊ ပရင်တာတစ်လုံး၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်များအရ TTbet Online Game လောင်းကစားလုပ်ငန်း၊ Golden Gift (Online ကံစမ်းမဲဖောက်လောင်းကစားလုပ်ငန်း)နှင့်Sky Pay Mobile Financial ServicesCo.,Ltd. အမည်ခံကာ **စာမျက်နှာ ၂၅ သို့**



# ဘာသာခြားခင်ပွန်း၏အမွေကို ဆက်ခံခွင့်

**စိန်လှိုင်ပိုလ်**

ဗုဒ္ဓဘာသာကိုးကွယ်သူအမျိုးသမီးသည် ဘာသာခြားဖြစ်သူနှင့် အိမ်ထောင်ပြုသည်။ ခင်ပွန်းကွယ်လွန်သွားသောအခါ အမွေဆက်ခံခွင့်နှင့်ပတ်သက်၍ ယခင်က ရေးသားခဲ့ဖူးသည်များလည်းရှိသည်။ ယခုတစ်ဖန် ထပ်မံ၍တွေ့ရှိရသော စီရင်ထုံးတစ်ခုကို အကြောင်းပြု၍ ရေးသားပါဦးမည်။ ၁၉၆၅ ခုနှစ်က အမှုဖြစ်သည်။

ရန်ကုန်မြို့ (၂၈) လမ်း အိမ်နံပါတ် (၉၇) နေ ဒေါ်စောက ကွယ်လွန်သူခင်ပွန်း အီဆွတ်မိုဟာမက်မက်တွန်၏ ပစ္စည်းဖြစ်သည့် ပြည်သူ့ဘဏ်အမှတ်(၃) ရှိ ငွေ ၁၀၁၄ ကျပ် ၀၄ ပြားနှင့် ပြည်သူ့ဘဏ်အမှတ် (၅) ရှိ ငွေ ၇၂၆၄ ကျပ် ၃၅ ပြားတို့ကို တောင်းခံနိုင်ရန်အလို့ငှာ အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားခဲ့သည်။ ဒေါ်စော၏ လျှောက်လွှာကို ကွယ်လွန်သူခင်ပွန်း၏ ဖခင်ဖြစ်သူ မိုဟာမက်မက်တွန်က ကန့်ကွက်ပြီး ၎င်းကိုယ်တိုင်ကလည်း တရားမသေးမှုဖွင့်လှစ်၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို အပြိုင်လျှောက်ထားခဲ့သည်။ ချွေးမနှင့်ယောက္ခမ အမွေဆက်ခံရန် သက်သေခံလက်မှတ် အပြိုင်လျှောက်ထားသောအမှုဖြစ်သည်။

ကွယ်လွန်သူခင်ပွန်းသည် မဟာမေဒင်ဘာသာဝင်တစ်ဦးဖြစ်ပြီး ဒေါ်စောသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ဗုဒ္ဓဘာသာထုံးတမ်းအရ ကွယ်လွန်သူနှင့်လက်ထပ်ထိမ်းမြားပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြသည်။ "၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ-၂၀ နှင့် ၂၄ အရ ကွယ်လွန်သူ၏အမွေအားလုံးကို မိမိတစ်ဦးတည်းကသာလျှင် ဆက်ခံရမည်ဖြစ်၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို၎င်းအားထုတ်ပေးရန် လျှောက်ထားခဲ့သည်။"

ကွယ်လွန်သူ၏ဖခင် မိုဟာမက်မက်တွန်က ကွယ်လွန်သူသည် မဟာမေဒင်ဘာသာဝင်တစ်ဦးဖြစ်ပြီး ၎င်း၏အမွေပစ္စည်းများကို မဟာမေဒင်ဥပဒေအရသာ စီမံခန့်ခွဲရမည်ဖြစ်ကြောင်း၊ ကွယ်လွန်သူ၏ ဖခင်တစ်ယောက်အနေဖြင့် ကွယ်လွန်သူ၏ပစ္စည်း လေးပုံသုံးပုံကို ရခွင့်ရှိကြောင်း၊ ဒေါ်စောသည် ကွယ်လွန်သူနှင့် ဗုဒ္ဓဘာသာထုံးတမ်းအရ ထိမ်းမြားလက်ထပ်ခဲ့သည်ဆိုခြင်းမှာ ဥပဒေကြောင်းအရ မဖြစ်နိုင်ကြောင်း၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ဒေါ်စောသည် အကိုးအကားမပြုနိုင်ကြောင်း ထုချေခဲ့သည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စီရင်ဆုံးဖြတ်ချက်**

ဒေါ်စောသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးဖြစ်ပြီး ကွယ်လွန်သူအား လွန်ခဲ့သော ၁၉၂၆ ခုနှစ်မှစ၍ သေဆုံးသည်ထိ လင်မယားအဖြစ် ပေါင်းသင်းလာခဲ့သည်ဆိုခြင်းကို ကွယ်လွန်သူ၏ဖခင် မိုဟာမက်မက်တွန်က ၎င်း၏ကန့်ကွက်လွှာတွင် အတိအလင်းကန့်ကွက်ငြင်းဆိုခဲ့ခြင်းမရှိကြောင်း ရုံးတော်က စိစစ်ခဲ့သည်။ သို့ရာတွင် ၎င်း၏ရှေ့နေကြီးက မဟာမေဒင်ဘာသာဝင်တစ်ဦးသည် မဟာမေဒင်ဘာသာဝင်မဟုတ်သူတစ်ဦးအား တရားဝင်လက်ထပ်ထိမ်းမြားခြင်းမပြုနိုင်ကြောင်း၊ ကွယ်လွန်သူသည် မဟာမေဒင်ဘာသာဝင်တစ်ဦးဖြစ်၍ ဒေါ်စောကို တရားဝင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရိုးမှန်ပါမူ



ဒေါ်စောသည် မဟာမေဒင်ဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သည်ဟု ယူဆရန်ရှိကြောင်း၊ ထိုသို့ မဟာမေဒင်ဘာသာသို့ ကူးပြောင်းကိုးကွယ်ခဲ့သည့် ဒေါ်စောသည် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံခွင့်အက်ဥပဒေနှင့် အကျုံးမဝင်ကြောင်း စသည်ဖြင့် လိမ္မာပါးနပ်စွာ လျှောက်လဲသွားသည်ကို တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

ဒေါ်စောက ၎င်းသည် "ဗုဒ္ဓဘာသာအမျိုးသမီးဖြစ်ကြောင်း၊ လျှောက်လွှာတွင် အတိအတင်းဖော်ပြထားရာ ကန့်ကွက်သူ မိုဟာမက်မက်တွန်က ဒေါ်စောသည် မွတ်ဆလင်အမျိုးသမီးဖြစ်သည်ဟု စွပ်စွဲထားခြင်းမရှိကြောင်း၊ အကယ်၍ ဒေါ်စောသည် ဗုဒ္ဓဘာသာအမျိုးသမီးမဟုတ်ဘဲ မွတ်ဆလင်အမျိုးသမီးဖြစ်သည်ဆိုပါမူ ကန့်ကွက်သူသည် သက်သေအထောက်အထားပြရန် အခွင့်အရေးလျှောက်ထားတောင်းဆိုသင့်ကြောင်း၊ ထိုအခွင့်အရေးမျိုးကို မတောင်းဆိုခဲ့ကြောင်း၊ ယခုအမှုတို့၏ အဆုံးအဖြတ်အတွက် သက်သေထူရန်မလိုကြောင်း၊ နှစ်ဖက်ရှေ့နေတို့ သဘောတူလျှောက်လဲချက်ပေးခြင်းဖြစ်ရာ အထက်ဖော်ပြပါ အကြောင်းပြကန့်ကွက်ချက်ကို လက်မခံနိုင်ကြောင်း တရားသူကြီးဦးသက်ဖေက ဆင်ခြင်သုံးသပ်ဆုံးဖြတ်ခဲ့သည်။

ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၀(၁) တွင် အောက်ပါအတိုင်းပါရှိသည်။

"အဆိုပါအက်ဥပဒေပုဒ်မ ၂၀ (၁) တွင် ဗုဒ္ဓဘာသာမဟုတ်သူ ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးစလုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ခဲ့သော် ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင် ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့သည်ဟု မှတ်ယူရမည့်အပြင် ထိုသူတို့သည် ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်"

ပုဒ်မ ၂၄(၁) တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားလေသည်။

"ဤဥပဒေအရ ထိမ်းမြားသူတို့၏ သို့တည်းမဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသူတို့၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်းသောကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်းဆုံးဖြတ်ရမည်"

ဒေါ်စောနှင့် ကွယ်လွန်သူတို့သည် လွန်ခဲ့သော ၁၉၂၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့သည်ကို အငြင်းမထွက်ကြောင်း၊ သို့ဖြစ်ရာ ၎င်းသည် ကွယ်လွန်သူနှင့် အက်ဥပဒေပုဒ်မ ၂၀(၁) အရ စတင်ပေါင်းဖက်သည့် ၁၉၂၆ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူရမည်ဖြစ်သည်။ ထိုသို့ထိမ်းမြားခဲ့သည် မှတ်ယူခြင်းခံရသည့် ကွယ်လွန်သူ အီဆွတ်မိုဟာမက်မက်တွန်၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းသော ကိစ္စအားလုံးသည် ပုဒ်မ ၂၄(၁) အရ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်သေက လင်၏ပစ္စည်းကို မယားသာပိုင်ဆိုင်ခွင့်ရှိကြောင်း၊ **မောင်ဝိုက်နှင့် မောင်ငြိမ်းတို့အမှု အတွဲ ၂ အထက်မြန်မာစီရင်ထုံး ၁၈၉၇-၁၉၀၁ စာ ၁၄၆** စီရင်ထုံးကို ရည်ညွှန်းကိုးကားခဲ့သည်။

သေသူသည် ကွယ်လွန်စဉ်က မဟာမေဒင်ဘာသာဝင်ဖြစ်သော်လည်း ၎င်း၏ပစ္စည်းများနှင့်ပတ်သက်၍ မဟာမေဒင်ဥပဒေဖြင့် စီမံခန့်ခွဲခြင်းမပြုနိုင်ကြောင်း၊ ဗုဒ္ဓသာသာဝင်မိန်းမများမှာ အခြားဘာသာဝင်ယောကျ်ားများနှင့် နှစ်ပေါင်းမြောက်မြားစွာ ပေါင်းသင်းနေထိုင်ကာ သားသမီးတစ်ကျိပ်ပင်ထွန်းကားခဲ့စေကာမူ တရားဝင်မယားမဖြစ်ဘဲ မယားမြောင်အပျော်မယားအဆင့်၌သာ တင်းတိမ်ခဲ့ရပြီး လူမှုရေး၊ စီးပွားရေး စသည့် အဘက်ဘက်၌ နစ်နာဆုံးရှုံးခြင်းခံခဲ့ရသဖြင့် ဗုဒ္ဓဘာသာဝင်မိန်းမများ၏အခွင့်အရေးကို အကာအကွယ်ပေးရန်အလို့ငှာ အဆိုပါ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုဥပဒေပါပြဋ္ဌာန်းချက်များသည် ကွယ်လွန်သူ၏ မဟာမေဒင်ဥပဒေကို လွှမ်းမိုးသည်ဟု ယူဆရမည်ဖြစ်ကြောင်း တရားရုံးချုပ် တရားသူကြီးက ဆင်ခြင်သုံးသပ်ခဲ့သည်။

ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်သေ၍ မယားကျန်ခဲ့လျှင် လင်၏ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို မယားကိုသာလျှင် ထုတ်ပေးရမည်ဟု **နေဝင်းနှင့် မအောင်ကလေးအမှု အတွဲ ၄ အောက်မြန်မာပြည်စီရင်ထုံး စာ ၂၉၃ ၌** အတိအလင်းအဆုံးအဖြတ်ပေးထားသဖြင့် ဤအမှုတွင် ဒေါ်စောသာလျှင် ကွယ်လွန်သူ၏ပစ္စည်းများအတွက် အမွေဆက်ခံရန် သက်သေခံလက်မှတ်ကို ရသင့်သည်ဟု ဆင်ခြင်သုံးသပ်ဆုံးဖြတ်၍ သက်သေခံလက်မှတ်ကို ထုတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ကန့်ကွက်သူ မိုဟာမက်မက်တွန်၏လျှောက်လွှာကို ပလပ်လိုက်ပါသည်။

# ရေဖြူမြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ရေဖြူ ဖေဖော်ဝါရီ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လင်း၊ ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်၊ စီမံကိန်းတာဝန်ခံများနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဒူတောင်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ဖက်တောင်ကျေးရွာ၌ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှတာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ဒူတောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် တစ်သန်းဖြင့် အရှည် တစ်မိုင် အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ဖက်တောင်ကျေးရွာ၌ အလျားပေ ၂၀၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်းဖြင့် ယခုနှစ် ဇန်နဝါရီလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



အဆိုပါကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ဒူတောင်ကျေးရွာနှင့် ဖက်တောင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိပြီး ကျေးရွာအတွင်း လူမှုရေး၊ ပညာရေးနှင့် အခြားရပ်ရွာကိစ္စများ၌ ခန်းမဆောင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဒုတိယဦးစီးမှူး ဦးမြင့်ဦးအောင်က ပြောပြ၍ သိရသည်။

**ကိုမြင့်**




ရတနာပုံစာအုပ်စင်တွင် မန္တလေးမြို့၌ အသစ်ထွက်ရှိသော စာအုပ်များကို စာပေချစ်သူများ သိရှိနိုင်ရန်အတွက် စုစည်း ဖော်ပြပေးလိုက်ပါသည်။

# 2023 ဆေးဝါးမိတ်ဆက်နှင့် အသုံးများဆေးဝါးလမ်းညွှန် ထုတ်ဝေဖြန့်ချိ



ရတနာသိုက်စာပေက ထုတ်ဝေသော 2023 ဆေးဝါးမိတ်ဆက်နှင့် အသုံးများဆေးဝါးလမ်းညွှန် စာအုပ်ထွက်ရှိလာသည်။


ယခုစာအုပ်တွင် ဒေါက်တာခင်မိုးမိုးအောင်၏ ကျန်းမာအသက်ရှည်ကြပါစေ (အမှာစာ)နှင့် ကိုနိုင်ကြီး(အမှာစာ)တို့ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဆေးဆိုင်ဖွင့်ထားလို့ပဲဖြစ်ဖြစ်၊ ဆေးဝါးနဲ့ပတ်သက်တဲ့ သင်တန်းဖွင့်ထားသူတွေ၊ ဆေးဝါးတွေအကြောင်း ကိုယ်တိုင်လေ့လာချင်သူတွေအတွက် တစ်နေရာတည်းမှာ တစ်စုတစ်စည်းတည်း ဖတ်ရှုလေ့လာလို့ ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆေးဝါးမိတ်ဆက်စာအုပ်ကို ထုတ်ဝေရခြင်းဖြစ်ပါတယ်။ ဖတ်ရှုသူတွေ အကျိုးတစ်စုံတစ်ရာ ရရှိသွားမယ်ဆိုရင်ပဲ ကျေနပ်ပီတိဖြစ်ရပါပြီ။ အားလုံးပဲ ကျန်းမာချမ်းသာ အသက်ရှည်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်ရှင် စသည်ဖြင့် ဖော်ပြထားသည်။

ကိုနိုင်ကြီး၏ အမှာစာမှ ကောက်နုတ်ဖော်ပြရလျှင် ဆေးဝါးသောက်သုံးမှုအတွက် မိမိသောက်ရမည့်ဆေးဝါး၏ အကျိုးအာနိသင်၊ ဘေးထွက်ဆိုးကျိုး၊ ဆရာဝန်ညွှန်ကြားချက်၊ ပါဝင်ပစ္စည်း စသည်ဖြင့် ဆုံးဖြတ်ပြီး ယုံကြည်စွာသောက်သုံးနိုင်အောင်အတွက် ၂၀၂၃ ခုနှစ်၏ ဆေးဝါးမိတ်ဆက်ကတော့ လိုအပ်နေဦးမည်ဖြစ်ပါသည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် ဆေးဝါးများကို A မှ Z ထိ အက္ခရာစဉ်လိုက် ဖော်ပြထားပြီး ဆေးအမည်၊ ပါဝင်ဖွဲ့စည်းမှု၊ ဆေးအမျိုးအစား၊ အသုံးပြုနိုင်သောရောဂါများ၊ ဆေး၏ ပုံသဏ္ဌာန်၊ ဆေးအချိန်အဆ၊ ဘေးထွက်ဆိုးကျိုးများ၊ ကြိုတင်သတိပြုရန်အချက်များ၊ ဆရာဝန်ညွှန်ကြားချက်များ၊ ထုတ်လုပ်သည့် ကုမ္ပဏီ၊ တင်သွင်းသည့်ကုမ္ပဏီ စသည်ဖြင့် ပြည့်စုံစွာ ရှင်းလင်းဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# မြောင့်မူပိုင်ရှင် ထွက်ရှိလာ




ကံ့ကော်ဝတ်ရည်စာပေက ထုတ်ဝေသော Matt ဘာသာပြန်သည့် မြောင့်မူပိုင်ရှင်ဝတ္ထုစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်မူရင်းမှာ Junichiro Tanizaki ၏ A Cat, A Man, And Two Women ဖြစ်သည်။

ယခုစာအုပ်ကျောဖုံးတွင် အောင်မြင်ထင်ရှား စာရေးဆရာကြီးများက ဤသို့ရေးသားထားသည်ကို တွေ့ရသည်။ "တကယ့်ထူးကဲတဲ့ စာရေးဆရာပါ. . . တာနီဇာကီမှာက နေမထိထိုင်မသာဖြစ်မှုကို နှစ်လိုဖွယ်ဖြစ်အောင် ကတ်သီးကတ်သတ်ရေးနိုင်တဲ့ဟန်ရှိတယ်"။

**ဒေးဗစ်မစ်ချဲလ်**

**(အင်္ဂလိပ်စာရေးဆရာ–Cloud Atlas)**

"ရှင်မြူးဖွယ် သူ့ဝတ္ထုတွေကို တောင်မှ ကျွန်တော်အသက်အောင့်ပြီး ဖတ်ရတယ်၊ ဇာတ်သိမ်းတွေမှာ အသက်ရှူထုတ်ခွင့်တောင် မရဘူး"

**ဂျွန်အပ်ဒိုက်**

**(အမေရိကန်စာရေးဆရာ)**

"ရာစုနှစ်တစ်ခုရဲ့ ထူးချွန်ပြောင်မြောက်လှတဲ့ ဂျပန်ဝတ္ထုရေးဆရာပါပဲ"

**အဒမ်ဖို့က်**

**(နျူးယော့ခ်တိုင်းမ်စ်ပါ စာအုပ်သုံးသပ်ချက်မှ)**


"ဂျွန်အိချိရို တာနီဇာကီသည် လက်ဖျားခါလောက်သော ဝတ္ထုရေး ဆရာကြီးဖြစ်သည်"

**ဟာရူကီ မူရာကာမိ**

ယခုစာအုပ်မှာ လီလီဟု အမည်တွင်သော ကြောင်မကလေးနှင့် ဇာတ်အိမ်တည်ကာ လူတို့သဘာဝကို ထင်ဟပ်ဖော်ပြထားသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ ကြောင်ကို မြန်မာလူနေမှုစနစ်တွင် တယုတယ မွေးမြူလေ့ရှိကြသလို ယခုဝတ္ထုဇာတ်အိမ်တည်ရာ ဂျပန်လူနေမှုစနစ်တွင်လည်း လီလီဟူသော ကြောင်မကလေးက ဇာတ်ကောင်အမျိုးသမီးနှင့် အနီးကပ်ဆုံးနေရာ၌ တည်ရှိနေပြီး နောက်ဆုံး၌ လူတို့၏စရိုက်ကို ပြောင်းလဲသွားစေသော အိမ်မွေးတိရစ္ဆာန်အဖြစ် တွေ့ရသည်။ ယခုစာအုပ်ကို ကြောင်ချစ်သူတို့ အကြိုက်တွေ့ဖွယ်ရှိသည်။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ချီမလား သေမလား ပုံနှိပ်ထုတ်ဝေ




တက်လူကျော်စာပေက ထုတ်ဝေသော ဉာဏ်သစ်မြန်မာပြန်ဆိုသည့် ချီမလား သေမလား စာအုပ် ထွက်ရှိလာသည်။

ယခုစာအုပ်မူရင်းမှာ Philip D.Chinnery ၏ MARCH OR DIE ဖြစ်သည်။

ယခုစာအုပ်မှာ စစ်အတွင်းမြန်မာပြည်၏ စစ်မြေပြင်အဖြစ်အပျက်များ၊ ပုံရိပ်များကို နိုင်ငံခြားသားတစ်ဦးက စစ်မြေပြင်အတွေ့အကြုံများကို အခြေခံ၍ဖော်ပြထားသည့် စာအုပ်ဟု ဆိုနိုင်သည်။

ယခုစာအုပ်တွင် ဗိုလ်မှူးချုပ်မိုက်ကယ်ကယ်လ်ဗာ့တ်၏ အမှာပါဝင်ပြီး ကောက်နုတ်ဖော်ပြရလျှင် ဤစာအုပ်ကို အမှာရေးပေးရန် တောင်းခံလာသဖြင့် ကျွန်ုပ်အထူးပင် ကျေနပ်မိပါသည်။ ဤစာရေးသူသည် ကျွန်ုပ်၏ ချင်းဒစ်ရဲဘော်များစွာကို ဒုက္ခခံကာ ရှာဖွေ၍ တွေ့ဆုံမေးမြန်းပြီး သူတို့၏ကိုယ်တွေ့ဇာတ်လမ်းများကို နားထောင်ခဲ့သည်။ ထို့ပြင် ကျွန်ုပ်၏မိတ်ဆွေကောင်းလည်းဖြစ်ကာ ကျွန်ုပ်တို့၏ ခေါင်းဆောင်လည်းဖြစ်သည့် အိုဒဲဝင်းဂိတ်အကြောင်းကို ပြောဆိုရသဖြင့်လည်း အလွန်ပျော်ရွှင်ဖွယ်ဖြစ်သည် စသည်ဖြင့်ဖော်ပြပါရှိသည်။


ယခုစာအုပ်တွင် အပိုင်းတစ် ပထမဝင်းဂိတ် မြန်မာပြည်စစ်ဆင်ရေး၊ ၁၉၄၃၊ အပိုင်းနှစ် ချင်းဒစ်မြန်မာပြည် ချဉ်းနင်းဝင်ရောက်ခြင်း၊ ၁၉၄၄ ဟူသော အပိုင်းနှစ်ခုဖြင့် ဖော်ပြထားပြီး ခေါင်းစဉ်ခွဲများဖြင့်လည်း စိတ်ဝင်စားဖွယ်ဖော်ပြထားကြောင်း တွေ့ရသည်။

ယခုစာအုပ်တစ်နေရာတွင် ဤသို့တွေ့ရ၏။ "စားစရာလဲတောထဲကပဲ ရှာဖွေစားသောက်ကြတယ်။ ဘီစကစ်တွေကလွဲလို့ ဘာမှစားစရာမရှိဘူး။ စားချင်ရင် ကိုယ့်ဟာကိုယ်ရှာစားပေတော့။ မြွေတွေ၊ ဖားတွေ၊ ပုတ်သင်ညိုတွေ၊ ငါးတွေ၊ သစ်မြစ်သစ်ဥတွေ၊ သစ်ရွက်တွေ အကုန်စားကြတယ်။ တကယ်ပြောတာ ဘာကိုပဲဖြစ်ဖြစ် တစ်ခါတော့ စားကြည့်လိုက်တာချည့်ပဲ။ ချိုးတွေဆို အကြိုက်ဆုံးပဲ။ ၃၀၃ ကျည်နဲ့ ကျည်တကမ်းအတွင်းမှာ ချိုးတွေ သိပ်တောင်မကျန်တော့ဘူး။

စာ-၄၃ မှ

ယခုစာအုပ်ကို အုပ်ရေ ၅၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၁၂၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# ချစ်မက်မပြေ ထွက်ရှိလာ




ပန်းဆက်လမ်းစာပေက ထုတ်ဝေသော ဝါဝါတင့်ဆွေ မြန်မာပြန်သည့် ချစ်မက်မပြေလုံးချင်းဝတ္ထုစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်၏ မူရင်းမှာ DANIELLE STEEL ၏ TO LOVE AGAIN ဖြစ်သည်။

ယခုစာအုပ်တွင် မြန်မာပြန်သူ၏ အမှာစကားပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ကျွန်မသိသော အမေရိကန်စာရေးဆရာမ ဒန်နီရယ်စတီးလ်သည် မြန်မာစာဖတ်ပရိသတ်နှင့်မစိမ်း။ ဘာသာပြန်စာရေးဆရာကြီးများသည် မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ကြပြီး အများအပြား ထုတ်ဝေခဲ့ကြသည်။ မြန်မာစာဖတ်ပရိသတ်တို့ ကြိုက်နှစ်သက်စွာ ဖတ်ဖူးခဲ့ကြသည်။ ဒန်နီရယ်စတီးလ်သည် ဟန်မူရာကျော့မော့သည့်အမျိုးသမီး ပီပီ သူရေးသည့်စာအုပ်တိုင်းလိုလိုသည် အမျိုးသမီးများဘက်မှအလေးသာပြီး ရေးဖွဲ့လေ့ရှိသည်။ "**ချစ်မက်မပြေ**"စာအုပ်သည် ထက်မြက်လှသည့် မုဆိုးမတစ်ယောက်၏ မမေ့နိုင်စရာကောင်းလှသည့် ဘဝခရီးကို ဖွဲ့နွဲ့ရေးသားထားခြင်းဖြစ်သည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်ပါ ဇာတ်လမ်းတွင် ရောမ၌ အီဇာဘယ်လာနှင့် ခင်ပွန်းသည် အေမာဒီယိုတို့က ဥရောပဖက်ရှင်လောက၏ ဇန်ဂရီဂျီရီရို ဖက်ရှင်စံအိမ်ကြီးကို ဖန်တီးခဲ့ကြသည်။ လှပကျော့ရှင်းသည့် ကိုယ်နေဟန်၊ သွက်လက်ထက်မြက်လှသည့် စွန့်ဦးတီထွင်စိတ် အပြည့်ရှိသော စီးပွားရေးလုပ်ငန်းရှင်မိန်းမတစ်ယောက် မုဆိုးမဘဝကျရောက်သွားရသောအခါ သူ၏တော်ဝင်ဆန်လှသည့် အလှတရားနှင့်ဘဝသည် ဇောက်ထိုးမိုးမျှော်ဖြစ်ရပုံကို တွေ့နိုင်သည်။

ယခုစာအုပ်ပါ တစ်နေရာကို ဤသို့ဖတ်ရှုနိုင်သည်။ "ခါတိုင်းထက် ပိုလှတယ်ပေါ့ ဟုတ်လား မောင်" သူတို့နှစ်ယောက်သား နောက်ပြောင်ကျီစယ်လိုက်ကြသည်။ အီဇာဘယ်လာသည် ပါးမို့မို့ထက်၌ အသားအရောင်နှင့်လိုက်ဖက်သည့် မိတ်ကပ်ခရင်မ်လိမ်းထားသည်။ ဆံထုံးကို ခပ်မြင့်မြင့် ထုံးဖွဲ့ထားသည်။

စာ- ၂၆ မှ

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

# လယ်ကွင်းထဲမှ လူထုတေးသံ ထုတ်ဝေဖြန့်ချိ



ထီးပေါင်းကားစာပေကဒုတိယအကြိမ်ထုတ်ဝေသည့် အထက်ဗမာနိုင်ငံစာရေးဆရာအသင်း၏ လယ်ကွင်းထဲမှ လူထုတေးသံစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

ယခုစာအုပ်ကို ၁၉၆၅ ခုနှစ်က ပထမဆုံးအကြိမ် ထုတ်ဝေခဲ့ပြီးနောက် ၅၈ နှစ်ခန့်ကြာမြင့်ခဲ့ပြီး ယခု ၂၀၂၃ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ယခုစာအုပ်တွင် မိတ်ဆက်ပါရှိပြီး ကောက်နုတ်ဖော်ပြရလျှင် ဤစာအုပ်တွင် ဖော်ပြထားသော "လယ်ကွင်းထဲမှ လူထုတေးသံများ" သည် တောင်သူလယ်သမားများ ကိုယ်တိုင်စပ်၊ ကိုယ်တိုင်သီဆိုကြသော သီချင်းများဖြစ်၍ မြန်မာပီသသည်၊ ဝေလေ့ထုံးစံအစုံကိုလည်း တွေ့နိုင်သည်။ ဖတ်ရသည်မှာ ပျော်စရာကောင်းသည်။ အဓိပ္ပာယ်လည်း လွယ်လွယ်နှင့် အလွန်ပေါ်လွင်သည် စသည်ဖြင့် တွေ့ရသည်။

ယခုစာအုပ်တွင် ကောက်စိုက်သီချင်းများ၊ မောင်းထောင်းသီချင်းများ၊ လှ္ေသီချင်းများ ပါဝင်ပြီး ကောက်စိုက်သီချင်းများ(ကျောက်ဆည်ခရိုင်-ဆီဆုံရွာ)မှကောက်နုတ်ဖော်ပြရလျှင်-

၁၄။ ဆေးတံတိုကြီး
တဲမြီးမှာထောင်။
ဂုဏ်တော်ယောင် စိပ်
ပုတီးနဲ့
တယ်ဆိုးတဲ့ အဖိုးကြီး။

၁၅။ ဒီလယ်ကြီး ထွန်ရှာလေ
မြေဇာပင်မှ ခေါင်းမခဲ။
လယ်ကြီးရှင်ထွန်ပေါ်က
ဒူတော်နှင့်တဲ။

၁၆။ ဘုရားအမနဲ့ ဘုရား
တကာ
လယ်တောကြည့်မဲ့လာ။
ဒို့တတွေ ငုတ်တုတ်ထား
နေတတ်နိုင်အား။

၁၇။ လယ်ရှင်ကမှာလိုက်လေ
ခြောက်ရာနဲ့ ခြောက်စီးတဲ့။
စိုက်ရလေအေ
သေရချည်-သောက်ချီးဘဲ။

ယခုစာအုပ်ကို အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

**နေမျိုး**
စုစည်းသည်
**ထွန်းဦး**စာပေက
ပံ့ပိုးသည်

# လေဘာတီမမြရင် သို့မဟုတ် ဓားမြရင်

ရွှေဘိုဘမထိခင်အောင်

လေဘာတီမမြရင်အငြိမ့်ကို ရွှေဘိုနယ်၊ ရွှေဘိုခရိုင်ဘက်ဆီက မြို့ဘုရားပွဲ၊ ရွာဘုရားပွဲများ၌ အငှားများခဲ့၏။ လေဘာတီမမြင်ရင်၏ ဥပဓိရုပ်၊ ကိုယ်ကာယအလှ၊ အသံသြဇာကိုလည်းကောင်း၊ ကကြိုးကကွက်ကိုလည်းကောင်း၊ အဆိုအတီးကိုလည်းကောင်း နှစ်သက်ကြ၏။

လေဘာတီမမြရင်က ဗမာပီသ၏။ စကားပြောယဉ်ကျေးသိမ်မွေ့ပြီး ကလက်တက်တက်မရှိသဖြင့် ချစ်ကြခင်ကြသည်။ လေဘာတီမမြရင်၏ အငြိမ့်တစ်ဖွဲ့က လူရွှင်တော် ကိုကျောက်နီ၊ ကိုကျောက်ထိန်တို့၏ပြက်လုံးများက တဟားဟားနှင့်ရယ်ရ၍ သဘောကျစမြဲပါ။ အငြိမ့်တစ်ဖွဲ့လုံးကလည်း ရွှေဘိုဘက်က လူတန်းစားအသီးသီးကို ချစ်ခင်လေးစားကြ သံယောဇဉ်ရှိကြ၏။

ထိုအရာကြောင့်လည်း လေဘာတီမမြရင်တို့အဖွဲ့က ရွှေဘိုဘက်ကငှားလျှင် ကြေးမတင်ခဲ့ပေ။ ဘယ်လောက်ဝေးဝေး လိုက်ကပေးသည်ဆိုပါတော့။ ရွှေဘိုခရိုင် ရေဦးမြို့နယ်နှင့် ၁၅ မိုင်မျှဝေးသည့် ပလူစဝရွာသို့ပင် လိုက်၍ကပေးခဲ့ရှာသည်။ လှည်းယဉ်ကလေးများနှင့် လေဘာတီအငြိမ့် ခရီးဆက်ကြရသည်။ ကြည့်လေ မန္တလေးကနေ လေဘာတီအငြိမ့်သည် မန္တလေးမြို့မှ ရွှေဘိုမြို့ထိ မိုင် ၇၀၊ ရွှေဘိုမြို့မှ ရေဦးမြို့ထိ ၂၈ မိုင်၊ ရေဦးမြို့မှ ပလူစဝရွာထိ ၁၅ မိုင်ခရီးဆက်ခဲ့ရသည်။

**လေဘာတီအငြိမ့်ပွဲ ဓားခုတ်ပွဲဖြစ်မြဲ**

၁၉၃၅-၁၉၃၆ ခုနှစ်က ကိုဖေခင်က စုံထောက်ပုလိပ်ရာဇဝတ်အုပ်ရာထူးဖြင့် ရွှေဘိုပုလိပ်ဌာန၌ တာဝန်ယူရ၏။ D.S.P ခရိုင်ဝန်မင်းက အင်္ဂလိပ်လူမျိုး မစ္စတာတင်းနား (Mr.Tinner) ဖြစ်၏။ အရပ်အမောင်း ခြောက်ပေရှိ ကိုယ်အလေးချိန်ပေါင် ၂၀၀ ကျော်ရှိသည့် အင်္ဂလိပ်ကြီးက ရွှေဘိုမြို့အပေါ်တွင်လည်းကောင်း၊ ရေဦး၊ ခင်ဦး၊ ဒီပဲယင်း၊ တန့်ဆည်၊ ကန့်ဘလူ၊ ဝက်လက်၊ ကျွန်းလှမြို့ရွာများမှ နေ့စဉ်နေ့တိုင်း လူသတ်မှု၊ ဓားခုတ်မှုများရှိနေသဖြင့် အင်္ဂလိပ်မျက်နှာဖြူ မစ္စတာတင်းနားက ကြောက်နေသည်။ မစ္စတာတင်းနား အားအကိုးဆုံးလူက ကိုဖေခင်ဖြစ်၏။ သူသည် ရဲသည်။ သတ္တိရှိသည်၊ မဟုတ်မခံတတ်၊ လာဘ်ပေးလာဘ်ယူ လုံးဝကင်း၊ မစ္စတာတင်းနားကို ခင်မင်ရင်းနှီးသည်။

လေဘာတီမမြရင်အငြိမ့်ပွဲသည် ရွှေဘိုဘုရားပွဲတိုင်းလိုလို၌ လူသတ်မှု၊ ဓားခုတ်မှု အမြဲတမ်းဖြစ်စမြဲပေမို့ ပုလိပ်အဖွဲ့က မလိုလားကြချေ။ သို့ရာတွင် စုံထောက်ရာဇဝတ်အုပ် ကိုဖေခင်တစ်ယောက်ကတော့ လိုလားနေ၏။ ကိုဖေခင်က လေဘာတီ Crazy ဖြစ်သည်။ ကိုဖေခင်က လေဘာတီကို ချစ်နေသူ၊ ကကြိုးကကွက်ရော၊ အသံရော၊ ရုပ်ကိုရော ကြိုက်နေသူ။ လေဘာတီမမြရင်သီဆိုသည့် သီချင်းများအကုန်ရ၏။ ဝါးပတ္တလားတီးရင်း လေဘာတီသီချင်းကို အမြဲသီဆို၏။ အငြိမ့်စင်၏အနီးဆုံးနေရာတွင် ပက်လက်ကုလားထိုင်တစ်လုံးချ အရက်ပုလင်းချကာ ခြောက်လုံးပြူးအိတ်ကိုဖွင့်ထားပြီး အငြိမ့်စင်အောက်မှထိုင်သည်။ ဘုရားပွဲသို့ မြို့ရွာကျေးရွာမှ လူထုပရိသတ်က ၂၀၀၀ ခန့်။

**ရွှေတန်ဆာဘုရားပွဲ ပါမစ်ချပေးရေး**

"ခက်တယ် ဖေခင် ခက်တယ်။ ဒီမိန်းမ ကပွဲတိုင်း ဓားခုတ်ပွဲဖြစ်လေ့ရှိတာကို မင်းသိရဲ့နဲ့ကွာ။ လူသတ်မှုဖြစ်ရင် ငါ့ခေါင်းလာဆောင့်အုံးမှာကွ ဖေခင်ရ"

"ကျွန်တော်တာဝန်ယူပါမယ် ဝန်မင်း။ လူသတ်သမားကို ကျွန်တော်ကိုယ်တိုင် ဖမ်းပေးပါ့မယ် ဝန်မင်း။ ပွဲခင်းမှာ ကျွန်တော်တစ်ညလုံး စောင့်ပါ့မယ်ဗျ။ လုံခြုံရေးပုလိပ် ခုနစ်ယောက်ပဲ ခေါ်သွားပါရစေ ဝန်မင်း။ ဗုဒ္ဓဘာသာလူမျိုးတွေရဲ့ ဘုရားပွဲပါဝန်မင်း"

"မင်းကင့်ါကို ဘာသာရေးနဲ့ ခြိမ်းခြောက်ပြန်ပြီ။ ငါကြောက်ပါတယ်ဆိုနေ"

ခေတ္တငြိမ်ကျသွား၏။ ပြီး. . .

"ဖေခင် မင်းတာဝန်ယူ။ ပုလိပ် ၁၀ ယောက် ပွဲခင်းမှာစောင့်ကြပ်။ ဓားခုတ်မှုဖြစ်ရင် မင်းတာဝန်ယူ။ ငါ ပါမစ်ချပေးလိုက်မယ်"

"I.P ဌာနအုပ် Mr.Singh က ဘာပြောလဲ"

"သူကကြောက်နေတယ်" ကိုဖေခင်က ဌာနအုပ် Mr.Singh နှင့်မတည့်ပေ။ (မှတ်ချက်- ထို ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က အစပြုလျက် ရန်ကုန်တက္ကသိုလ်တွင် ကျောင်းသားခေါင်းဆောင် ကိုနု၊ ကိုဆောင်ဆန်းတို့ကို တက္ကသိုလ်ကျောင်းမှထုတ်ခဲ့မှုကြောင့် ကျောင်းအုပ်ကြီးဖြစ်သူ Mr.Sloss ကို သပိတ်မှောက်မှုမှ အစပြုလျက် တစ်နိုင်ငံလုံး ဒုတိယကျောင်းသားသပိတ်ကြီးဖြစ်ခဲ့ရာ တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများလည်း သပိတ်မှောက်ပြီး ပိတ်ထားရ

ဒီပဲယင်းတို့သို့ အုပ်စုခွဲထား၏။

ပေါ်တူဂီနွယ် ဘရင်ဂျီအုပ်စုတစ်စုမှ လူကောင်ထွား လက်ရဲဇက်ရဲလူမိုက်ကြီး လောရင့်မိုက်ကယ်သည် ရွှေဘိုမှတ်စလင်ဆင်ရုံရပ်ကွက်က စကီနာဘီဘီဆိုသည့် သမီးပျိုလေးကိုဖျက်ဆီးလိုက်၏။ စကီနာဘီဘီ၏အစ်ကိုဖြစ်သူ ဟာရှင်ဘိုင်က ရွှေတန်ဆာဘုရားပွဲ ပွဲခင်းအတွင်း ပွဲကြည့်ပရိတ်သတ် ၂၀၀၀ ကျော်ကျော်။ ပန်းတောင်းရွာ၊ တဂဏန်းရွာ၊ ချီပါရွာ၊ ရွာတောရွာ၊ မုဆိုးခြံရွာများမှ လှည်းများ၊ မြင်းများနှင့် ပွဲလာကြည့်ကြ၏။ လေဘာတီအငြိမ့်က နာမည်ကြီးမှကြီးသနဲ့။

ပွဲခင်းအလယ်တွင် ကော်ဇောကြီးခင်း ကွမ်းအစ်၊ လက်ဖက်အုပ်၊ အရက်ပုလင်းများထောင် အခြွေအရံများနှင့် စမတ်ကျကျစတိုင်ထွားနေစဉ် မူးယစ်နေခိုက် " ခုတ် ခုတ် ခုတ် "ဟုအော်ရင်း ဟာရှင်နှင့် ညီဖြစ်သူ ဟာစံက အတင်းဝင်၍ မိုက်ခဲကြီး မိုက်ကယ်၏ခေါင်းကို ဖြတ်ချတော့သည်။

❖ လေဘာတီမမြင်ရင်၏ ဥပဓိရုပ်၊ ကိုယ်ကာယအလှ၊ အသံသြဇာကိုလည်းကောင်း၊ ကကြိုးကကွက်ကိုလည်းကောင်း၊ အဆိုအတီးကိုလည်းကောင်း နှစ်သက်ကြ၏။ လေဘာတီမမြရင်က ဗမာပီသ၏။ စကားပြောယဉ်ကျေးသိမ်မွေ့ပြီး ကလက်တက်တက်မရှိသဖြင့် ချစ်ကြခင်ကြသည်။ လေဘာတီမမြရင်၏ အငြိမ့်အဖွဲ့က လူရွှင်တော် ကိုကျောက်နီ၊ ကိုကျောက်ထိန်တို့၏ ပြက်လုံးများက တဟားဟားနှင့် ရယ်ရ၍ သဘောကျစမြဲပါ။ အငြိမ့်တစ်ဖွဲ့လုံးကလည်း ရွှေဘိုဘက်က လူတန်းစားအသီးသီးကို ချစ်ခင်လေးစားကြ သံယောဇဉ်ရှိကြ၏။❖

သည့်ပြဿနာရှိနေဆဲကာလပေမို့ ဗြိတိန်နိုင်ငံပါလီမန်ထိ ဂယက်ရိုက်နေသည့်ကာလပင်ဖြစ်တော့သည်။ ထိုဒုတိယကျောင်းသားသပိတ်ကြီးမှ ကျောင်းသားခေါင်းဆောင်များဖြစ်သော ကိုနု(သခင်နု)၊ ကိုအောင်ဆန်း(သခင်အောင်ဆန်း)၊ ကိုရှုမောင် (သခင်ရှုမောင်)၊ ကိုဗဆွေ(သခင်ဗဆွေ)၊ ကိုကျော်ငြိမ်း၊ ကိုသန်းထွန်း(သခင်သန်းထွန်း)၊ သခင်ရာရှစ်၊ သခင်သိန်းဖေ၊ မခင်ကြည်ကြည်၊ မအမာ (လူထုအမာ၊ မန္တလေးသူ)၊ မအုံး( MA မအုံး၊ မန္တလေးသူ)၊ မစောရီ၊ မစောရင်တို့ တက္ကသိုလ်ကိုကျောပေး နိုင်ငံရေးလောကသို့ ခြေစုံပစ် ဝင်ရောက်ကြလေတော့သည်။)

**ဘရင်ဂျီလူမိုက်ကြီး လောရင့်မိုက်ကယ် ဓားခုတ်ခံရ**

ရွှေဘိုမြို့၏တောင်ဘက် ရွှေတန်ဆာဘုရားပွဲသည် သက္ကရာဇ် ၁၂၉၈ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ကျင်းပခဲ့၏။ ရွှေတန်ဆာဘုရားပွဲကျင်းပနေသည့် ပွဲခင်း၏ အရှေ့ဘက်၌ ဘရင်ဂျီရပ်ကွက်ရှိ၏။ ခရစ်နှစ် ၁၇၅၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် အလောင်းဘုရား ဦးအောင်ဇေယျ၏အသေခံကွန်မန်ဒိုတပ်သား ၉၃ ယောက်တစ်စုနှင့် သန်လျင်ခံတပ်ကြီးကို တိုက်၏။ မွန်ဘက်မှ ပေါ်တူဂီ၊ ပြင်သစ်၊ ဒတ်ချ် လူမျိုးများက လူရောလက်နက်ပါ ကူတိုက်ပေးသော်လည်း အင်မတန်ခိုင်ခံ့လှသည့် ရေပတ်လည်ဝိုင်း သန်လျင်ခံတပ်ကြီး ကျရှုံးရသည်။ အလောင်းဘုရား၏အသေခံတပ်မှ ရှစ်ယောက်ကျသည်။ အဂ္ဂမဟာသေနာပတိ (သေနတ်ဝန်) ဦးကောင်းလည်း ကျရစ်သည်။

သုံ့ပန်းအဖြစ်ဖမ်းဆီးခဲ့သည့် ပေါ်တူဂီလူမျိုး မြောက်မြားစွာကို ရွှေဘိုမြို့ ဆင်ရုံအနီး (ဘရင်ဂျီရပ်ကွက်)၊ ရွှေဘိုမြို့ မဟာနန္ဒာကန်တော်အနီး (မေဓွန်ရွာ)၊ ရေဦးမြို့ ချမ်းသာရွာ၊ ခင်ဦးနယ် မုံလှရွာ၊

"လူသတ်ပြီဟေ့ လူသတ်ပြီ။ ပြေး ပြေး ပြေး" ပရိသတ်ကြီး ခြေဦးတည့်ရာသို့ ပြေးလွှားကြ၊ အော်ကြ၊ ငိုကြနှင့် ပွက်ပွက်ညံညံဖြစ်နေစဉ် "ဒိုင်း ဒိုင်း"သေနတ်သံနှစ်ချက်ထွက်လာသည်။ စုံထောက်ကိုဖေခင်၏ ခြောက်လုံးပြူးမှထွက်သည့် ကျည်နှစ်ပွင့်သည် ဟာရှင်၏ ပေါင်ရင်းသို့ထိသွားကာ လဲကျသွားသည်။ ဟာရှင်၏ညီ ဟာစံကို လုံခြုံရေးပုလိပ်များက လက်ရဖမ်းမိ၏။ ပုလိပ်တစ်ယောက် ဓားထိသွားသည်။

**ဓားမြရင်တဲ့**

ရွှေဘိုပုလိပ်အဖွဲ့က လေဘာတီမမြရင်အား **"ဓားမြရင်"**ဟု ဘွဲ့ပေးထားခဲ့လေသည်။

**စောင်ခြုံလာရင် သတိထား**

ရွှေဘိုဘက်က လူများသည် ရန်ငြိုးရန်စရှိသူကို ပွဲခင်း၌ပွဲကြည့်နေစဉ် ကလဲ့စားချေ ဓားရှည်ဖြင့် ဝင်ခုတ်ပိုင်းပြီး လွတ်အောင်ပြေးတတ်ကြ၏။ ပွဲခင်း၌ စောင်ခြုံထားသူကို သတိထားရ၏။ စောင်ခြုံအတွင်း ဓားရှည်ကိုဖွက်၍ ယူလာတတ်စမြဲပါ။ ပုလိပ်က ပွဲခင်းတွင် စောင်ခြုံလာသူတချို့ကို ချက်ချင်းဖမ်းပြီး ရှာရသည်။ (မှတ်ချက်-ထို သက္ကရာဇ် ၁၂၉၈ ခုနှစ် ဝါဆိုလပြည့်နေ့က ရွှေတန်ဆာဘုရားပွဲ လူသတ်မှုဖြစ်အပြီး ကိုဖေခင်က အင်းစိန် C. I. D သို့လည်းကောင်း၊ D. S. P မစ္စတာတင်းနားက ရှမ်းပြည်သို့လည်းကောင်း ပြောင်းခဲ့ရသည်။ ခရိုင်ရဲဝန်ကြီးဘဝဖြင့် ပင်စင်ယူခဲ့သည်။)

**သွေးစွန်းသော လေဘာတီမမြရင်အငြိမ့်**

သက္ကရာဇ် ၁၂၉၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ ရက်သည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထားကိုးကွယ်ခဲ့သော မောစောမြင်သာ မြို့ထောင့်စေတီဘုရားပွဲတော်ဖြစ်ပေ၏။ ရွှေဘိုမြို့တွင် တန်ခိုးအကြီးဆုံးဘုရားဖြစ်သကဲ့သို့ အစည်ကားဆုံးသော ဘုရားပွဲလည်းဖြစ်ပေသည်။ အထက်မြန်မာပြည်ရှိ မန္တလေး၊ မတ္တရာ၊ ကျောက်ဆည်၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ၊ အရာတော်၊ ရေဦး၊ ကန့်ဘလူ စသောမြို့အသီးသီးမှ ကုန်သည်များ လာရောက်၍ ကုန်ပစ္စည်းအမျိုးမျိုးကို ရောင်းချကြလေသည်။

**လေဘာတီအငြိမ့်ကိုငှား**

မောစောမြင်သာဘုရား ဂေါပကအဖွဲ့က မန္တလေးမြို့သို့သွား၍ လေဘာတီမမြရင်အငြိမ့်ကို ငှား၏။ မမြရင်က ရွှေဘိုဘက်ကဆို အခုလာခဲ့ ကြေးမခေါ်ပေ။

လေဘာတီမမြရင်အငြိမ့် ဘုရားပွဲ၌ ကပြရေးအတွက် ကိုဖေခင်က ပါမစ်ရအောင် ပုလိပ်ဝန်မင်းထံ ကြိုးစားပေး၏။

**စိမ်းရောင်စိုသီချင်းဆို၍ကနေစဉ်**

အသက်ကလေးရဲ့ရှည်စေလို<br>
မြနန္ဒာရေညိုသန်း မန်းတောင်ရိပ်ခို<br>
ခေါင်းလောင်းသံချိုချိုနှင့်<br>
ရွှေပဟိုရ်စည်သံဟိန်းတယ်<br>
ဘေးရန်ကငြိမ်း

ငြိမ့်ငြိမ့်ကလေး၊ ကြော့ကြော့ကလေး သီချင်းဆိုနေစဉ်-

"ကယ်ကြပါ ကယ်တော်မူကြပါ ကယ်ကြပါ ဓားနဲ့ ခုတ်နေပါပြီ" ပွဲခင်းအလယ်၌ ဓားရှည်ဖြင့်ဝင်ခုတ်ပြီး ထွက်ပြေးခြင်းဖြစ်သည်။

ပွဲခင်းတစ်ခုလုံးပွက်ပွက်ညံညံ။ ပုလိပ်အဖွဲ့က ဓားသမားပြေးရာနောက်သို့ လိုက်ကြ၏။ ဓားသမားက မန်ကျည်းပင်အောက်၌ထားသည့်မြင်းပေါ်သို့ ခုန်တက်ကာ မြင်းစီး၍ပြေးလေတော့သည်။

စုံထောက်ရာဇဝတ်အုပ် ကိုဖေခင်သည် ပုလိပ်တပ်ဖွဲ့က သူ့လက်စွဲမြင်းပေါ် လွှားခနဲခုန်တက် ခြောက်လုံးပြူးသေနတ်ကို လက်ကဆုပ်ကာ လိုက်လေသည်။

ရွှေဘိုမြို့ မြောက်ဘုရားပွဲခင်းမှ မြင်းစီးပြေးသည့် ဓားသမားကို ဖေခင်က မြင်းစီး၍လိုက်ရာ နှစ်မိုင်မျှဝေးသော ချီပါရွာအနီးအရောက် လူဆိုး၏မြင်း ခြေတုပ်လဲ၏။

"ဒိုင်း"

လူကိုမထိ။ မြင်း၏ဗိုက်ကိုထိသွားပြီ။ "ဟိတ်ကောင် ဓားချလိုက်စမ်း"

ဓားကိုပစ်ချလိုက်၏။ လသာတော့မြင်နေရ၏။ ကိုဖေခင်၏တပည့်ပုလိပ် သုံးယောက် မြင်းကိုယ်စီနှင့် ရောက်လာ၏။ လက်ထိတ်ခတ်လိုက်သည်။

"ဘာဖြစ်လို့ခုတ်ရတာလဲ"

"ကျုပ်ရဲ့မိန်းမ လှပိုကို မော်ကြီး ငွေနဲ့ပေါက်ယူသွားလို့ဗျ"

မော်ကြီးဆိုသူမှာ ဓားပြဗိုလ်ပါ။ သူက ရွှေဘိုဘက်မှာ ဓားပြမတိုက်ပါ။ မုံရွာ၊ အရာတော်ဘက်ထွက်တိုက်ပြီး ချမ်းသာနေသူ။ ချီပါသားချင်း ငယ်သူငယ်ချင်းများပါ။ ဓားသမား အောင်ဗလက မလှပို၏ယောကျ်ား။

"မော်ကြီးလက်တစ်ဖက်ပြတ်ပြီကွ အောင်ဗလ"

"မသေဘူးလား။ ကျုပ်အသေခုတ်တာဗျ။ နို့ကျုပ်က ထွက်လာပြီးရင် ဒီကောင်ကို ခုတ်ရအုံးမှာပါပဲ"

ရွှေဘိုဘက်က လူများက အဲသလို မိုက်ကန်းလှချေ၏။

"မင်းလူသတ်မှုနဲ့ ထောင်တစ်သက်ကျမှာ မကြောက်ဘူးလား"

"ကျုပ်ဘဝမှာ အချစ်ရဆုံး လှပိုနဲ့ ဝေးရမှတော့ မထူးပါဘူးဗျာ။ သေရလဲ မမှုတော့ပါဘူး"

ဓားသမား အောင်ဗလတစ်ယောက် မျက်ရည်ဝိုင်း၍နေလေသည်။ ဩော်. . . အောင်ဗလ. . . အောင်ဗလ။

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ကျောက်ဆည်အသင်းနာယက**

**ဒေါ်ကြည်ခင်**

**အသက်(၉၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၂)၊ အမှတ်(၉၃/ဘီ)နေ (ဦးအောင်သိန်း)၏ ချစ်လှစွာသောဇနီး ဒေါ်ကြည်ခင် (၉၆)နှစ် သည် ၂၆-၂-၂၀၂၃ ရက် (တနင်္ဂနွေနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ**

**ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်**

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်မှုတွင် မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ နေ့စဉ် ပို့ကုန်အစီးရေ ၅၀၀ ကျော်ဖြင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နေ



**ဘားအံ ဖေဖော်ဝါရီ ၂၈**

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်မှုတွင် မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ နေ့စဉ် ပို့ကုန်အစီးရေ ၅၀၀ ကျော်ဖြင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နေကြောင်း မြန်မာ-ထိုင်း နယ်စပ်ကုန်သည်ကြီးများအသင်း (ကရင်ပြည်နယ်)မှ အလုပ်အမှုဆောင် ဦးစောကဘော်ထူးက ပြောပြ၍ သိရသည်။

လတ်တလော မြန်မာ-ထိုင်း နှစ်နိုင်ငံ နေ့စဉ်ကုန်သွယ်မှုမှာ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅ သန်းမှ ၈ သန်းထိ ရှိနေပြီး ထိုင်းနိုင်ငံသုံး ဘတ်ငွေတန်ဖိုး ကျဆင်းနေသည့်အတွက် မြန်မာကုန်သည်များက သွင်းကုန်များ ပိုမိုတင်သွင်းနေသကဲ့သို့ ထိုင်းနိုင်ငံသို့လည်း ပြောင်းပို့ကုန် အစီးရေ ၁၀၀ ကျော် အပါအဝင် နေ့စဉ် ပို့ကုန်အစီးရေ ၅၀၀ ကျော်ဖြင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

“လတ်တလော မြန်မာ-ထိုင်း နှစ်နိုင်ငံ နေ့စဉ်ကုန်သွယ်မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၅ သန်းကနေ ၈ သန်းထိရှိနေပြီး ဘတ်ဈေးကျချိန်ဖြစ်လို့ သွင်းကုန်တွေ ပိုမိုတင်သွင်းနေသလို ထိုင်းဘက်ကို နေ့စဉ် ပြောင်းပို့ကုန်အစီးရေ ၁၀၀ ကျော် တင်ပို့နေပါတယ်။ နယ်စပ်မှာ ပြောင်းဆန်တွေပိုမိုတင်ပို့လာနိုင်တာနဲ့ တရုတ်နှစ်သစ်ကူးနောက်ပိုင်းကစလို့ ကုန်သွယ်မှုတိုးမြှင့်လုပ်ဆောင်လာတဲ့အတွက် ဘတ်ငွေဈေးတွေ တဖြည်းဖြည်းကျဆင်းခဲ့ပါတယ်။ နယ်စပ်ငွေဈေးနှုန်းအနေနဲ့ ဖေဖော်ဝါရီလ ဒုတိယပတ်က ဘတ်ငွေတစ်ဘတ်ကို မြန်မာငွေ ၈၅ ဒသမ ၄၇ ကျပ်ထိရှိပြီး လက်ရှိ ဘတ်ငွေတစ်ဘတ်ကို မြန်မာငွေ ၈၄ ဒသမ ၀၃ ကျပ် အနည်းငယ် ပြန်ကျလာလို့ သွင်းကုန်တွေ ပိုမို တင်သွင်းနေပါတယ်”ဟု ဦးစောကဘော်ထူးက ပြောပြသည်။

မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးဇုန်မှနေ့စဉ် ပို့ကုန်အစီးရေ ၅၀၀ ကျော်ဖြင့် ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ဆေးနှင့်ဆေးဝါး ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းကိရိယာများ အပါအဝင် စားသောက်ကုန်များကို တင်သွင်းလျက်ရှိပြီး မြန်မာဘက်က ပြောင်း၊ ပီလောပီနံ၊ ကြက်သွန်၊ ရေထွက် ကုန်၊ လယ်ယာထွက်ကုန်များကို အဓိက တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

# ဒိုက်ဦးမြို့နယ် ငှက်သိုက်ပေါက်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး ဖေဖော်ဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ ငှက်သိုက်ပေါက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ဆောင်ရွက်ကြကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ငှက်သိုက်ပေါက်ကျေးရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ အသင်းသား၊ အသင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များအကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) စက်ဝန်းကာလ သတ်မှတ်ချက်များ၊ ကော်မတီဝင်များ ထမ်းဆောင်ရမည့်တာဝန်များ၊ ခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ငှက်သိုက်ပေါက်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေစတုတ္ထအကြိမ် အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၇ ဒသမ ၈၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၆၆ သန်း၊ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၇၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၃ ဒသမ ၃၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၇၀ ကို စုစုပေါင်းငွေကျပ် ၂၂ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုနိုင်**

# မက်မန်းမြို့နယ် ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**မက်မန်း ဖေဖော်ဝါရီ ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်း ကျေးရွာသုံးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်း၊ မက်မန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ မက်မန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်နှင့်ဝန်ထမ်းများက ကော်မတီဝင်များနှင့်အတူ ရောင်အူဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် နမ့်တော်ကျေးရွာနှင့် ပန်ဖိန်းကျေးရွာတို့တွင် ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရောင်အူဝကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၂ သိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ နမ့်တော်ကျေးရွာနှင့် ပန်ဖိန်းကျေးရွာတို့တွင် အလျားပေ ၅၀၊ အနံ ၂၅ ပေ၊ အမြင့် ၁၂ ပေရှိသော ခန်းမဆောင်တစ်ဆောင်စီ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၂ သန်းဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

**သံသာ**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့်ကွမ်းခြံများ ပြန်လည်စိုက်ပျိုးနေ

**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကွမ်းခြံများကို ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ပြန်လည်စိုက်ပျိုးနေကြောင်း ကွမ်းစိုက်ပျိုးသူများက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဖေဖော်ဝါရီလပထမပတ်က အချိန်အခါမဟုတ်မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် ကွမ်းခြံ ၇၀ ခန့် ပျက်စီးခဲ့ရသည့်အတွက် ယခုအခါ ကွမ်းခြံများကို အသစ်ပြန်လည် စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀၊ ၄၀၀၀ ရရှိပြီး ယခုနှစ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၊ ၁၂၀၀၀ ထိရရှိကြောင်း သိရသည်။

“အခု ကွမ်းခြံအသစ်ပြန်စိုက်နေတာပါ။ အခုလ ပထမပတ်က မိုးဒဏ်လေဒဏ်ကြောင့် ဒေသမှာ ကျေးရွာငါးရွာ၊ ခြောက်ရွာလောက်က တောင်သူတွေစိုက်ထားတဲ့ ကွမ်းခြံတွေ လုံးဝပြန်မရတဲ့ထိ ပျက်စီးခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းဈေးက မနှစ်ကထက်ကောင်းနေတယ်။ ဆုံးရှုံးမှုရှိခဲ့ပေမဲ့ ဈေးကောင်းလေး ပြန်မီအောင် ချက်ချင်းပြန်စိုက်နေတာပါ။ ကွမ်းခြံက အရင်းအနှီးများပါတယ်။ ကွမ်းခြံတကယ်ကောင်းမယ်ဆိုရင်လဲ အမြတ်အစွန်းရတယ်။ ကွမ်းက သန့်ရှင်းရေးလဲ ကြိုက်ပါတယ်။ ဒါကြောင့် သေချာဂရုစိုက်ပြင်ဆင်စိုက်ပျိုးနေရပါတယ်”ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းစိုက်ပျိုးသူ ဦးကျော်လွင်က ပြောပြသည်။



မော်လမြိုင်ကျွန်းမြို့နယ်တွင် နတ်မူး၊ ပုလွန်စာ၊ စခန်းကြီး၊ ဝဲဒေါင့်၊ လှိုင်းဘုန်း၊ ဘုရားကြီး၊ ကြခတ်၊ အုန်းပင်စု စသည့်ကျေးရွာများတွင် ကွမ်းခြံများကို အသစ်ပြန်လည် စိုက်ပျိုးနေကြောင်း၊ ကွမ်းခြံတစ်ကေလျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ် ၄၀၀၀၀၀ ထိရှိပြီး စိုက်ပျိုးပြီး အပျက်အစီးမရှိပါက ကွမ်းခြံတစ်ကေလျှင် ငွေကျပ် ၁၅ သိန်းနှင့်အထက် ပြန်လည်ရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းနှင့် ပတ်သက်၍ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား တိုင်းစစ်ဌာနချုပ်များတွင် ၂၈-၁-၂၀၂၃ရက်နေ့မှစ၍ ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ကြောင်း အသိပေးကြော်ငြာထားရှိပြီးဖြစ်သော်လည်း လျှောက်လွှာ ထုတ်ပေး/တင်သွင်းခြင်းကို **၅-၃-၂၀၂၃** ရက်နေ့အထိ ရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လျှောက်လွှာထုတ်ယူလိုသူများအနေဖြင့် နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများအား ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း အသိပေးအပ်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# မွန်ပြည်နယ်တွင် MSME Member Card ဖြင့် တရားဝင်လုပ်ကိုင်နေသည့် MSME စီးပွားရေးလုပ်ငန်းပေါင်း ၁၂၀၀ ကျော်ရှိ



**မော်လမြိုင် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ်တွင် MSME Member Card ဖြင့် တရားဝင်လုပ်ကိုင်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းပေါင်း ၁၂၀၀ ကျော်ရှိကြောင်း မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

မွန်ပြည်နယ်၏ စီးပွားရေးလုပ်ငန်းအများစုမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ကြကြောင်း၊ ထို့ပြင် မွန်ပြည်နယ်သည် သဘာဝသယံဇာတများစွာထွက်ရှိနေသည့်ဒေသတစ်ခုလည်းဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းပေါင်း ၁၂၈၆ ခုထိ MSME Member Card များဖြင့် တရားဝင်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

MSME Member Card ဖြင့် တရားဝင်လုပ်ကိုင်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းပေါင်း ၁၂၈၆ ခုတွင် ကုန်ထုတ်လုပ်ငန်းများဖြစ်သည့် ဆန်စက်၊ ဆီစက်အပါအဝင် အစားအစာ ထုတ်လုပ်မှုလုပ်ငန်း၊ သစ်နှင့် သစ်အခြောထည် ထုတ်လုပ်မှုလုပ်ငန်း၊ ရော်ဘာနှင့်ပလတ်စတစ်ထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်း(ဥပမာ-ကျောက်ခွဲလုပ်ငန်း)၊ အခြေခံ သတ္တုပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ စက်နှင့် စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဓာတုပစ္စည်းနှင့် ဓာတုဗေဒထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း (ဥပမာ-သဘာဝမြေဩဇာထုတ်လုပ်ငန်း)၊ ဆေးဝါးနှင့်ရုက္ခဗေဒဆိုင်ရာထုတ်ကုန်များ ထုတ်လုပ်သည့်လုပ်ငန်း၊ အဝတ်အထည် ထုတ်လုပ်သည့်လုပ်ငန်း စသည့်ကုန်ထုတ်လုပ်ငန်းပေါင်း ၄၆၅ ခုရှိကြောင်း သိရသည်။

သို့သော် မွန်ပြည်နယ်ရှိ MSME စီးပွားရေးလုပ်ငန်းအများစုမှာ ပြည်ပကိုတင်ပို့နိုင်သည့် MSME ထုတ်ကုန်ပစ္စည်းများမရှိသလောက် နည်းပါးနေကြောင်း၊ Export Quality အဆင့်မီသော ဆန်စက်တစ်လုံးသာရှိကြောင်း၊ ရော်ဘာအများဆုံးထွက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်သော်လည်း ထွက်ရှိသော ရော်ဘာများသည် နည်းပညာလိုအပ်ချက်ကြောင့် ပြည်နယ်အတွင်းရှိ ရော်ဘာစက်ရုံကြီးများကိုသာ မှီခိုအားထားနေရကြောင်း သိရသည်။

ထို့ကြောင့် မွန်ပြည်နယ်အတွင်းရှိ MSME ထုတ်ကုန်ပစ္စည်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊ ပိုမိုရေရှည်အာမခံချက်ရှိစေရန်နှင့် ဈေးနှုန်း၊ ဈေးကွက် ပိုမိုခိုင်မာမှုရှိစေရန်အတွက် ကုန်ထုတ်လုပ်မှုနှင့်သက်ဆိုင်သောတီထွင်ဆန်းသစ်မှုနည်းပညာ၊ အရည်အသွေးမြှင့်တင်ခြင်းနည်းပညာနှင့် ဒီဂျစ်တယ်စနစ်ဖြင့် ဈေးကွက်အရောင်းမြှင့်တင်ခြင်းဆိုင်ရာနည်းပညာများ စသည်တို့ကို ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# အမ်းမြို့နယ် ကျွဲတလင်းကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမ်း ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျွဲတလင်းကျေးရွာ၌ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုး၊ အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေကော်မတီဝင်များနှင့်အတူ ကျွဲတလင်းကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက် ပေ ၃၀ ရှိ လက်တူးတွင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမ်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်စိုးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အမ်းမြို့နယ် ကျွဲတလင်းကျေးရွာ၌ အကျယ် ရှစ်ပေ၊ အနက် ပေ ၃၀ ရှိ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆ ဒသမ ၀၈၀၅ သန်းဖြင့် ရွှေထူးကြီးကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၄၄ အိမ်၊ လူ ၂၃၄ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**



Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်

Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ဝန်ထမ်းလစာများပေးချေခြင်း၊ လျှပ်စစ်မီတာပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို
ဘဏ်ကိုသွားရန်မလိုဘဲ
ပိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ပြပွဲနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက်
Customs Duty များ ပေးဆောင်ရာတွင်
MMM Service အသုံးပြု၍
လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



Fluoride ပါဝင်သောကြောင့် သွားများကို ပြုပွေးတောက်ပစေပါသည်။

ထာဝရလှပသော အပြုံးအတွက်

DENTIST RECOMMENDED

FDA အမှတ်-1907 PC 0040

DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



## ဝန်ထမ်းအလိုရှိသည်

(1) အရောင်းစာရေးမ ဘွဲ့ရ အမျိုးသမီး (၂)ဦး
(2) ရောင်း/မောင်း အမျိုးသား (၂)ဦး
(3) Sale Men အမျိုးသား (၁၀)ဦး
(4) ယာဉ်မောင်း(မြို့တွင်း) အမျိုးသား (၁)ဦး

-အမှတ်စဉ်အားလုံးအတွက် ငွေကိုင်ရမည်ဖြစ်သောကြောင့် စာရိတ္တကောင်းမွန်ရမည်။
-ဆက်ဆံရေးကောင်း မွန်ရမည်။
-Customer ကို စိတ်ရှည်စွာ ပြောဆိုနိုင်ရမည်။
-အမှတ်စဉ်(2)နှင့်(4)အတွက် လိုင်စင်သက်တမ်း(၃)နှစ်နှင့် အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။

စိတ်ပါဝင်စားပါက CV Formနှင့်တကွ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ ရပ်ကွက်ထောက်ခံစာပါရမည်။ အိမ်နေ/အိမ်စားများလည်း လျှောက်ထားနိုင်ပါသည်။

လိပ်စာ။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29 လမ်းကြား၊ မန္တလေး။ 09-5069199, 02-4069291

## ဝန်ထမ်းအလိုရှိသည်

၁။ ငွေခံ ကျား (၁)ဦး

- အသက် (၂၃)နှစ်အတွင်း
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်
- ကွန်ပျူတာအခြေခံရှိသူဖြစ်ရမည်
- ဆက်သွယ်ရန်ဖုန်း 09-401303014



### ပျောက်ဆုံးကြောင်း

ကျိုက်လတ်မြို့နယ်နေ အေးအေးငြိမ်း(ဘ) ဦးမြဝင်း (၁၄/ကလန(နိုင်)၂၄၅၄၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၈၆၃၇၅၅၁၁၅

### ပျောက်ဆုံးကြောင်း

မြောင်းမြမြို့နေ စုမ်းထက်ကိုကို (ဘ) ဦးကိုကို (၁၄/မမန(နိုင်)၁၈၂၀၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၇၆၀၂၂၉၁

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ အောင်အောင် (ဘ) ဦးကျော်ဝင်း (၁၄/ပတန(နိုင်)၂၂၀၄၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၇၀၄၂၉၀၅

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ နန္ဒသိန်းသန်းအေး (ဘ) ဦးသိန်းအောင် (၁၄/ပတန(နိုင်)၄၄၄၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၇၆၄၁၅၅၀

### ပျောက်ဆုံးကြောင်း

ရေကြည်မြို့နေ မခင်မာဦး (ဘ) ဦးလှဝင်းထွန်း (၁၄/ရကန(နိုင်)၁၆၆၅၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၇၄၆၅၀၂၄

### ပျောက်ဆုံးကြောင်း

ဟသာတမြို့နေ မောင်မျိုးဇော်(ဘ) ဦးမြင့်ကြည် (၁၄/ဟသတ(နိုင်)၂၂၇၂၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၃၂၀၃၈၄၇

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ မတင်တင်ဝင်း(ဘ) ဦးကြည်ဝင်း(ခ)အရှပ်(၉/မရတ(နိုင်)၁၀၅၄၉၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်နေ ခိုးသူရ (ဘ) ဦးခင်မောင်လှ (၉/မခန(နိုင်)၁၄၆၁၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (မှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃


မီး
သတိပြု

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများကိုလည်း ကုန်ကြမ်းအတိုင်းရောင်းချခြင်းမဟုတ်ဘဲ ကုန်ချောပစ္စည်းများအဖြစ် ထုတ်ကုန်များ ထုတ်လုပ်၍ တင်ပို့ရောင်းချပြီး အကျိုးရှိရှိအသုံးချနိုင်ရန်လို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၁၆ ရက်တွင်ကျင်းပပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၇/၂၀၂၂)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်းရှိ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ကျောက်ဖြူမြို့ရှိ ရမ္မာဝတီခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

MYAWADDY TRADING LIMITED





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ရာဘာ၊ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ဓာတ်မြေသြဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257